ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 10 January 2021 ၁၀၂၅၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုသည် အရေးကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် က
(၇၃) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့
ပေးပို့သည့်သဝဏ်လွှာ
၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်

ချစ်ကြည်လေးစားအပ်ပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-

ယနေ့ ဇန်နဝါရီလ (၁၀) ရက်နေ့သည် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် (၇၃)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခါသမယဖြစ်ပါသည်။ ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း၊ COVID-19 ကပ်ရောဂါဘေးမှ ကင်းလွတ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးခါစ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ကျင်းပခဲ့သော ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံးအစည်းအဝေးတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ခြင်းကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ (၁၀) ရက်နေ့ကို **"ကချင်ပြည်နယ်နေ့"** အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ပြည်နယ်နေ့အထိမ်းအမှတ် အခမ်းအနားများ နှစ်စဉ်ကျင်းပခဲ့သည်မှာ (၇၃) နှစ်မြောက်ခဲ့ပြီဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရန်ကုန်မြို့ရှိ မြန်မာ့မီးရထားဝန်ထမ်းအိမ်ရာအဆောက်အအုံများ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီး

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ရှိ မြန်မာ့မီးရထားဝန်ထမ်းမိသားစုများနေထိုင်ရန်အတွက် အင်းစိန်မြို့နယ် လှိုင်မီးရထားဝင်းအတွင်းရှိ ခြောက်ခန်းတွဲ ငါးထပ်တိုက် အထပ်မြင့်အဆောက်အအုံနှင့် ဝက်စုရပ်ကွက်အတွင်းရှိ ခြောက်ခန်းတွဲ လေးထပ်တိုက်အထပ်မြင့် အဆောက်အအုံ ဆောက်လုပ်နေမှုမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိရသည်။

လူနေအိမ်ခန်းပေါင်း ၃၀ ပါဝင်

အဆိုပါ အင်းစိန်မြို့နယ် လှိုင်မီးရထားဝင်းအတွင်း ဆောက်လုပ်ထားသည့်အဆောက်အအုံမှာ အလျား ၁၂၆ ပေ၊ အနံ ၄၂ ပေနှင့် အမြင့် ၅၃ ပေရှိပြီး သံကူကွန်ကရစ်(RC)အမျိုးအစားဖြစ်၍ ခြောက်ခန်းတွဲငါးထပ်တိုက် အဆောက်အအုံဖြစ်သည်။ လူနေအိမ်ခန်းတစ်ခန်းလျှင် အကျယ် ၆၈၆ စတုရန်းပေ ရှိသောကြောင့် လူနေအိမ်ခန်းပေါင်း ၃၀ ပါဝင်ဆောက်လုပ်ထားကြောင်း သိရသည်။

ဝက်စုရပ်ကွက်အတွင်း ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံမှာ အလျား ၁၃၂ ပေ၊ အနံ ၃၁ ပေနှင့် အမြင့် ၄၃ ပေရှိပြီး သံကူကွန်ကရစ်(RC)အမျိုးအစားဖြစ်၍ ခြောက်ခန်းတွဲ လေးထပ်တိုက် အဆောက်အအုံဖြစ်သည်။ လူနေအိမ်ခန်းတစ်ခန်းလျှင် အကျယ် ၅၆၇ စတုရန်းပေရှိသောကြောင့် လူနေအိမ်ခန်းစုစုပေါင်း ၂၄ ခန်း ပါဝင်ဆောက်လုပ်ထားကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

အင်းစိန်မြို့နယ် လှိုင်မီးရထားဝင်းအတွင်းရှိ ခြောက်ခန်းတွဲငါးထပ်တိုက် အထပ်မြင့်အဆောက်အအုံဆောက်လုပ်ပြီးစီးနေမှုကို တွေ့ရစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက် စာမျက်နှာ » ၅

ထိရောက်မှုရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်စေရေး စာမျက်နှာ » ၆

ရန်ကုန်တက္ကသိုလ်ထဲက အနုပညာရပ်ဝန်းပန်းချီခန်းမ စာမျက်နှာ » ၈

နွယ်ခြူးရင်းကိုင် စင်လုံးယိုင် စာမျက်နှာ » ၁၁

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဝေမှုအစီအစဉ် မကြာမီစတင်တော့မည် စာမျက်နှာ » ၁၃

ကြေးမုံ

မီးခိုးမထွက်သောစက်ရုံများ လည်ပတ်

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ကိုဗစ်-၁၉ သက်ရောက်မှုများ ကုစားရေးကို ထည့်သွင်းထားသော မြန်မာ့စီးပွားရေး နာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက်ကို မကြာမီ ထုတ်ပြန်သွားဖို့ရှိကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၁) အစည်းအဝေးသို့ ဗီဒီယိုဖြင့် အမှာစကားပေးပို့ခဲ့သည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း - MSDP (၂၀၁၈-၂၀၃၀) ကို ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ထုတ်ပြန်ခဲ့ရာ ယင်းစီမံကိန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်မည့် နိုင်ငံတော်အစိုးရ၏ ပင်မစီမံချက်ဖြစ်သည်။ စီမံကိန်းတွင် ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်ကို ချမှတ်ပေးကာ ၂၀၁၈ ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိသည်။

MSDP ၏ အနှစ်ချုပ်သည် အလုပ်အကိုင်သစ်များ ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍကို စီးပွားရေးဖွံ့ဖြိုးမှု၏ ပင်မအင်ဂျင်မောင်းနှင်အားအဖြစ် အသိအမှတ်ပြုပြီး ဈေးကွက်အခြေခံဖြေရှင်းနည်းကို ဦးစားပေးထားသည်။ ရင်းနှီးမြှုပ်နှံသူများအတွက် လာမည့်ကာလများအတွင်း ထွက်ပေါ်လာဖွယ်ရှိသော အခွင့်အလမ်းများနှင့် အစိုးရ၏ ဦးစားပေးအစီအစဉ်လမ်းညွှန်သဖွယ် အသုံးပြုနိုင်သည်။ စီမံကိန်းတွင် သဘာဝဘေးအန္တရာယ်များကြောင့် ကြုံတွေ့လာမည့် စိန်ခေါ်မှုအတွက် ဖြေရှင်းဆောင်ရွက်ရေးတို့ကိုပါ ထည့်သွင်းရေးဆွဲထားသည်။

၂၀၁၉ နှစ်အကုန်တွင် ကမ္ဘာ့နိုင်ငံများ၌ ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလာပြီး ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများ ကူးစက်ပျံ့နှံ့ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ နောက်ဆက်တွဲပြဿနာကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ သက်ရောက်မှုများကို ပြန်လည်ကုစားကြရမည့် မဟာဗျူဟာများရေးဆွဲခဲ့ရာ ရေးဆွဲထားသည့် စီမံကိန်းတွင် မြန်မာ့စီးပွားရေး နာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက်များပါ ပါဝင်သဖြင့် အလားအလာကောင်းများ ရလာနိုင်သည်။

MSDP စီမံကိန်းတွင် ခရီးသွားလုပ်ငန်းကဏ္ဍ အစဉ်ချဲ့ထွင်မှုအောင်မြင်ရေး၊ ယဉ်ကျေးမှုနှင့်ဂေဟာခရီးသွားလုပ်ငန်းတို့ကို အဓိကထား၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဟုလျာထားခဲ့ပြီး ယခုအခါ ခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံကို ရေးဆွဲခဲ့ပြီးဖြစ်သည်။ အဆိုပါ လမ်းပြမြေပုံတွင် ကာလတို၊ ကာလလတ်၊ ကာလရှည် မဟာဗျူဟာရည်မှန်းချက်များ ထည့်သွင်းရေးဆွဲထားပြီး ကိုဗစ်-၁၉ ကာလတွင် မြန်မာ့စီးပွားရေးလုပ်ငန်း ပြန်လည်ကုစားရေးအစီအစဉ်နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဟု သိရသည်။

နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် လုပ်ငန်းနယ်ပယ်များကို ပြန်လည်ကုစားရာတွင် ခရီးသွားလုပ်ငန်းသည် အရေးကြီးပြီး အလွန်ကျယ်ပြန့်သည့်နယ်ပယ်ဖြစ်သည်။ အရင်းအနှီးနည်းပြီး အကျိုးရလဒ် အမြတ်များသည့် မီးခိုးမထွက်သောစက်ရုံများဟု တင်စားခေါ်ဆိုကြသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလာသောအခါ ခရီးသွားလုပ်ငန်းအပေါ် အပြင်းထန်ဆုံးထိခိုက်မှုဖြစ်ခဲ့သည်။ မှီခိုနေသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှု များစွာဖြစ်ခဲ့ရသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းမှတ်တမ်းအရ ခရီးသွားလုပ်ငန်းနှင့် တိုက်ရိုက်ပတ်သက်သည့် အလုပ်အကိုင် သန်း ၁၀၀ ခန့် ဆုံးရှုံးနေသည်ဟု သိရသည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းကို နာလန်ထူအောင် ပြန်လည်ဆောင်ရွက်ခြင်းဖြင့် မြန်မာ့စီးပွားရေးဦးမော့လာအောင် မဟာဗျူဟာစီမံချက်များကို လက်တွေ့အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးစည်းကမ်းများနှင့်အညီ ခရီးသွားလုပ်ငန်းများကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကိုသာမက ကျန်းမာရေးနှင့်ညီညွတ်ရေးကိုပါ စနစ်တကျဆောင်ရွက်ပြီး ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများအပေါ် ပြည်တွင်း၊ ပြည်ပခရီးသွားများက ယုံကြည်စိတ်ချ၊ လိုလားနှစ်သက် စွဲမက်မှုရှိစေရေးကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြပ်မတ်ခြင်း၊ ထောက်ပံ့ကူညီခြင်းဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စိန်ခေါ်မှုများသော ကိုဗစ်-၁၉ ကာလတွင် အကျိုးအမြတ်များသော ခရီးသွားလုပ်ငန်း မီးခိုးမထွက်သည့်စက်ရုံများ အောင်မြင်စွာပြန်လည်လည်ပတ်နိုင်အောင် ခရီးသွားလုပ်ငန်းပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံကို မြန်မာ့စီးပွားရေးလုပ်ငန်း ပြန်လည်ကုစားရေးအစီအစဉ်နှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။ ။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုထိန်းချုပ်ရေး အဝါရောင်လူထုပညာပေးမှု အရှိန်မြှင့်တင်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှု ထိန်းချုပ်ဖြတ်တောက်သွားနိုင်ရေး ကြိုးပမ်းမှုအစီအစဉ်တစ်ရပ်အဖြစ် အဝါရောင်လူထုအသိပညာပေးမှုဖြစ်သည့် STOP COVID-19 YELLOW CAMPAIGN လှုပ်ရှားမှုအစီအစဉ်ကို ယမန်နေ့နံနက်ပိုင်းက ပန်းဆိုးတန်းသင်္ဘောဆိပ်၌ ဆောင်ရွက်ခဲ့သည်။

အခမဲ့မျှဝေ

အဆိုပါ အဝါရောင်လူထုအသိပညာပေးလှုပ်ရှားမှု ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)မှတာဝန်ရှိသူများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ပန်းဆိုးတန်း-ဒလပြေးဆွဲနေသော ခရီးသည်ရေယာဉ်ပေါ်မှဆင်းလာသူများအား ကိုဗစ် -၁၉ ရောဂါအသိပညာပေး ရုပ်အင်္ကျီများ၊ နှာခေါင်းစည်းများ၊ လက်ကမ်းစာစောင်များအခမဲ့ မျှဝေပေးကြသည်။

"နိုဝင်ဘာလလယ်ကတည်းက Mask Campaign စတင်ခဲ့ပါတယ်။ ဒုတိယလှိုင်းမှာတော့ ကိုဗစ်-၁၉ ဖြစ်ပွားမှုက သိသိသာသာတိုးလာပါတယ်။ ပြည်သူလူထုကြားမှာ ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှု ထိန်းချုပ်ဖြတ်တောက်ရေးအတွက် အရှိန်မြှင့် ဆောင်ရွက်တဲ့အနေနဲ့ STOP COVID-19 YELLOW CAMPAIGN ကို ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ အဝါရောင်ဆိုတာကတော့ ထင်သာမြင်သာဖြစ်ပြီး ကျန်းမာရေးသတိပေးမှု အရောင်တစ်မျိုးဖြစ်ပါတယ်။ အဝါရောင်ကို မြင်လိုက်တာနဲ့ နှာခေါင်းစည်းတပ်ရမယ်၊ လက်ဆေးရမယ်၊ ခပ်ခွာခွာနေရမယ်ဆိုတဲ့ အသိကိုရအောင် လုပ်တာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ပြောကြားသည်။

အမူအကျင့်များပြောင်းလဲ

ရေရှည်တွင် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ နှင့်အတူ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် New normal ၊ New Living၊ New Yangon ၊New Myanmar ဆောင်ပုဒ်နှင့်အညီ နေထိုင်သွားနိုင်ရန် ပြည်သူလူထု၏အမူအကျင့်များ ပြောင်းလဲနေထိုင်လာသည်အထိ ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း ဒေါက်တာထွန်းမြင့်က ဆိုသည်။

ပန်းဆိုးတန်း -ဒလဆိပ်ကမ်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြောင်းခရီးသွားလာမှုအများဆုံးနေရာဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအဝါရောင်လှုပ်ရှားမှုသည် နေရာငါးခု၌ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် ဘတ်စ်ကားဂိတ်၊ မီးရထားဘူတာ၊ ဈေးအနီး၊ သင်္ဘောဆိပ်တို့၌ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အဝါရောင်လှုပ်ရှားမှု၏ ဆောင်ပုဒ်သည် "Stop Covid-19၊ Mask တပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ။ တစ်ဦးကိုတစ်ဦးအသိပေးပါ၊ သတိပေးပါ"ဟူ၍ဖြစ်သည်။

မြင့်မောင်ကျော်

ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဆန်ရိက္ခာ ရှစ်တန်ကို ချင်းပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါခံစားရသည့် ပြည်သူများအတွက် ထောက်ပံ့နိုင်ရန် လွှဲပြောင်းပေးအပ်

ဟားခါး ဇန်နဝါရီ ၉

အာဆီယံအပေါင်း(၃)အရေးပေါ် အရန်ဆန်ရိက္ခာ(APTERR)အစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းထားသည့် ဆန်ရိက္ခာ ရှစ်တန်ကို ချင်းပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ခံစားရသည့် ပြည်သူများအတွက် ထောက်ပံ့နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဆင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် ညနေ ၄ နာရီတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်က ကိုဗစ်-၁၉ ရောဂါကို မြန်မာနိုင်ငံတွင် ချင်းပြည်နယ် တီးတိန်မြို့၌ စတင်တွေ့ရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ရင်ဆိုင်ကျော်လွှားနိုင်ရန် ချင်းပြည်နယ်တွင် အရေးပေါ်တုံ့ပြန်ရေးကော်မတီများ ဖွဲ့စည်းပြီး ထိန်းချုပ်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ရောဂါဖြစ်ပွားနေသူများကို သက်ဆိုင်ရာ ဆေးရုံကြီးများတွင် ကုသပေးလျက်ရှိကြောင်း၊ အနီးကပ်ထိတွေ့ခဲ့သူ primary contact များနှင့် ပြည်ပနေရပ်ပြန်ပြည်သူများကို Home Quarantine၊ Facility Quarantine များ ထားရှိကြောင်း၊ အသွားအလာကန့်သတ်မှုခံယူသူများကို ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက စားနပ်ရိက္ခာများ ထောက်ပံ့ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးဦးက အာဆီယံအပေါင်း (၃) အရေးပေါ် အရန်ဆန်ရိက္ခာ (APTERR)အစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းထားသည့် ဆန်ရိက္ခာ ရှစ်တန်ကို ချင်းပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ခံစားရသည့် ပြည်သူများအတွက် ထောက်ပံ့နိုင်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးဦးနှင့် တာဝန်ရှိသူများက ဆန်ရိက္ခာများ လွှဲပြောင်းပေးအပ်ရာ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဆန်အိတ် ၁၀၀ ထောက်ပံ့

အာဆီယံအပေါင်း(၃) အရေးပေါ် အရန်ဆန်ရိက္ခာ (APTERR)အစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းထားသည့် ဆန်တန်ချိန် ၆၀၀ အနက် ချင်းပြည်နယ်မှ ရရှိသည့် ဆန် ရှစ်တန် ဆန်အိတ် ၂၀၀ ကို လူတစ်ဦးလျှင် ၂၀ ရက်စာနှုန်းဖြင့် တီးတိန်မြို့နယ် တွီးထန်ကျေးရွာအတွက် ဆန်အိတ် ၁၀၀ နှင့် ပလက်ဝမြို့နယ်အတွက် ဆန်အိတ် ၁၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

ယနေ့ အချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ပါသည်။ ထွန်းသစ်စ ဒီမိုကရေစီ ရင့်ကျက်ခိုင်မာလာရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါသည်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော်အနေဖြင့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေး စသည့် အစီအမံများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ရာတွင် သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင် မချုပ်ငြိမ်းနိုင်သေးသောကြောင့် သဘာဝအလှအပများကို အပြည့်အဝမခံစားနိုင်သေးသလို၊ သဘာဝသယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်သေးဘဲ ဖြစ်နေရပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး၏အရသာကို သိရှိခံစားခဲ့ကြပြီးဖြစ်သော ကချင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားတို့သည် ယခုအချိန်တွင်လည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေး အမြန်ဆုံးရရှိလိုကြမည်ဟု ယုံကြည်ပါသည်။

ယနေ့ အချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ပါသည်။ ထွန်းသစ်စဒီမိုကရေစီ ရင့်ကျက်ခိုင်မာလာရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကဦးစားပေးများအဖြစ်သတ်မှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေပါသည်။

ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင်ပြည်သူများ မိမိတို့နေရပ်ဒေသသို့ ပြန်လည်အခြေချနိုင်ရန် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင်ပြည်သူများ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လုံခြုံစွာနှင့် ယုံကြည်စိတ်ချစွာ နေရပ်ပြန်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ဖွဲ့စည်းပေးထားသော “ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့”သည် “ကချင်ဒေသရှိ စစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ” နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး နှစ်ပေါင်းကြာရှည်မျှော်လင့်တောင့်တလျက်ရှိသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် လက်နက်ကိုင်ပဋိပက္ခများ၏ အရင်းခံအကြောင်းတရားဖြစ်သည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လက်ခံနိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်တို့ကို မျှော်မှန်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစု ပင်လုံ အစည်းအဝေးများ ကျင်းပလျက်ရှိရာ စတုတ္ထအစည်းအဝေးအထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဘုံသဘောတူညီချက်များစွာ ရရှိပြီးဖြစ်သည့်အပြင် ၂၀၂၀ အလွန် ဆက်လက်လျှောက်လှမ်းရမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရန်များကိုလည်း သဘောတူညီမှုရရှိထားပြီးဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုသည် အရေးကြီးလှပါသည်။ **ယခုအချိန်အခါသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးအနေဖြင့် အတိတ်သမိုင်းမှ အတွေ့အကြုံများကို သင်ခန်းစာရယူပြီး လက်နက်ကိုင်ပဋိပက္ခများ အကြွင်းမဲ့ချုပ်ငြိမ်းကာ ရေရှည်တည်တံ့ခိုင်မြဲသည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိအောင် ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်ကောင်းအခါကောင်းဖြစ်ပါသည်။** ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်သို့ လျှောက်လှမ်းရာတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သည့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဖြင့် သွေးစည်းညီညွတ်စွာ လက်တွဲ၍ ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ယခုအချိန်အခါသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးအနေဖြင့် အတိတ်သမိုင်းမှ အတွေ့အကြုံများကို သင်ခန်းစာရယူပြီး လက်နက်ကိုင်ပဋိပက္ခများ အကြွင်းမဲ့ချုပ်ငြိမ်းကာ ရေရှည်တည်တံ့ခိုင်မြဲသည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိအောင် ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်ကောင်းအခါကောင်း ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ

တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေမူကြမ်းအပေါ် ဌာနများ၏ အကြံပြုချက်များ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

တောင်သူလယ်သမား အဖွဲ့အစည်းဆိုင်ရာ ဥပဒေမူကြမ်းအပေါ် ဌာနများ၏ အကြံပြုချက်များ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

အစည်းအဝေးတွင် ၂၀၀၈ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့သော ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆ ဖြင့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ တောင်သူလယ်သမား အဖွဲ့အစည်းဆိုင်ရာ ဥပဒေမူကြမ်းအပေါ် ဌာနများ၏ အကြံပြုချက်များ ညှိနှိုင်းဆွေးနွေးပွဲကို ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး တောင်သူလယ်သမား အဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်ရန်ကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေမူကြမ်းတွင် ထည့်သွင်းပါဝင်သင့်သည့် အစိတ်အပိုင်းများကိုလည်းကောင်း၊ တောင်သူလယ်သမားအဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းရေး၊ အဆိုပါ အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာများ၊ ထိန်းကျောင်းကြပ်မတ်ပေးမည့် အဖွဲ့အစည်းတစ်ရပ် သတ်မှတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက ဖြည့်စွက်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

(၄၉)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

“ကိုဗစ်ရောဂါ တိုက်ဖျက်ဖို့ ပူးပေါင်းပါဝင် ဆောင်ရွက်စို့ – Fighting together against the COVID-19” ဆောင်ပုဒ်ဖြင့် ကျင်းပမည့် (၄၉)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဇန်နဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ၄ ရက်တိုင် Virtual Conference ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

အဆိုပါညီလာခံတွင် ကျန်းမာရေးဆိုင်ရာ သုတေသီပညာရှင်များ၏ သုတေသနတွေ့ရှိချက်များ တင်ပြဆွေးနွေးခြင်း၊ အမြင်ချင်းဖလှယ်ခြင်းတို့အပြင် ယခုနှစ်တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေခြင်းနှင့် တိုက်ဆိုင်နေသည့်အတွက် မြန်မာသုတေသီများ၏ လေ့လာတွေ့ရှိထားသော COVID-19 ဆိုင်ရာ သုတေသနတွေ့ရှိချက်များကိုလည်း တင်ပြဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါညီလာခံတွင် သုတေသနစာတမ်း ၂၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း ၂၉ စောင်နှင့် သုတေသနပိုစတာ ၇၅ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားပြီး ပြည်တွင်းမှ မြန်မာသုတေသီများသာမက အမေရိကန်၊ ဩစတြေးလျနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ သုတေသီများပါ တက်ရောက်၍ ပူးပေါင်းဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။

အွန်လိုင်းမှကျင်းပမည့် ညီလာခံဖြစ်သည့်အတွက် မိမိတို့ လုပ်ငန်းခွင်မပျက်ပါဝင်ဆွေးနွေးနိုင်သည်ဖြစ်ရာ ကျန်းမာရေးဆိုင်ရာ နယ်ပယ်အသီးသီးမှ သုတေသီပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးပညာဆိုင်ရာ နီးနွယ်တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား၊ ကျောင်းသားကျောင်းသူများနှင့် အခြားစိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်လေ့လာလိုပါက https://conference.caremebot.com တွင် အခမဲ့ စာရင်းပေးသွင်းတက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

သီသီမင်း

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီတို့၏ (၁/၂၀၂၁)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီတို့၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် လုပ်ငန်းကော်မတီနှစ်ခုမှ အဖွဲ့ဝင်များဖြစ်သည့် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ”ကို ၂၀၁၅ ခုနှစ်တွင် စတင်ထူထောင်ထားပြီး ထူထောင်စဉ်က ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ လှူဒါန်းငွေများနှင့် စတင်ထူထောင်ခြင်းဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ မြန်မာကျပ်ငွေဘီလီယံ ၂၀ ကို နှစ်စဉ်ခွဲဝေပေးခဲ့သည့်အတွက် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ပိုမိုထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန် အထောက်အကူကောင်းတစ်ခုဖြစ်ခဲ့ကြောင်း၊ ရန်ပုံငွေကို စနစ်တကျအလေအလွင့်မရှိ စီမံဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ဘဏ္ဍာရေးစည်းမျဉ်းကို ၂၀၁၇ ခုနှစ်တွင် ထပ်မံပြင်ဆင်ရေးဆွဲခဲ့ကာ စည်းမျဉ်းများနှင့်အညီ ရန်ပုံငွေများ စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မမျှော်လင့်သော ဘေးအန္တရာယ်များ ကျရောက်နိုင်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုလုပ်ငန်းများသည် ငွေကြေးရင်းနှီးမြှုပ်နှံဆောင်ရွက်ရသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ အမှန်တကယ်လိုအပ်ပြီး လုပ်ငန်းလိုအပ်ချက်များကို ဦးစားပေးအလိုက်ရွေးချယ်ကာ ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးသည် အရေးကြီးကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ရန်ပုံငွေသုံးစွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အမျိုးသားကော်မတီသို့ စနစ်တကျ ပြန်လည်တင်ပြပေးရန် လိုကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး၊ အလျင်အမြန်တုံ့ပြန် ဆောင်ရွက်ရေးလုပ်ငန်းများအတွက် နှစ်စဉ်တင်ပြ တောင်းခံသည့် ဘတ်ဂျက်ရန်ပုံငွေ၌လည်း လိုအပ်သော လုပ်ငန်းစီမံချက်များ ရေးဆွဲလျာထား ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ နှစ်စဉ်ခွဲဝေပေးထားသည့် အရေးပေါ်ရန်ပုံငွေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့မှလည်း သုံးစွဲဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရန်ပုံငွေများနှင့် မလုံလောက်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သုံးစွဲခွင့်ရရှိရေး တင်ပြတောင်းခံသွားရန် လိုအပ်ကြောင်း၊ အမျိုးသားကော်မတီ၏ မူဝါဒများ၊ လမ်းညွှန်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ အထိရောက်ဆုံးဖြစ်စေမည့် သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းအကြံပြု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ငွေကြေးသုံးစွဲမှုများ ထိရောက်အကျိုးရှိစေရေးတို့အတွက် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် Master Plan များ ရေးဆွဲထားရန်နှင့် တစ်နှစ်စီမံချက်၊ နှစ်ရှည်စီမံချက်များ ရေးဆွဲ၍ လုပ်ငန်းများ ကြိုတင်လျာထားပြီး အားလုံးပူးပေါင်းဆောင်ရွက်ကြရန်ကိစ္စရပ်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပြောကြား

ဆက်လက်၍ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ္ဍာရန်ပုံငွေခွဲဝေခွင့်ပြုမှုအခြေအနေ၊ အရေးပေါ်ရန်ပုံငွေနှင့်ပတ်သက်၍ သုံးစွဲနိုင်မှု၊ Southeast Asia Disaster Risk Insurance Facility – SEADRIF ရန်ပုံငွေထူထောင်ဆောင်ရွက်မှုများနှင့် ရန်ပုံငွေများသုံးစွဲရာတွင် ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရေး၊ စာရင်းစစ် စစ်ဆေးခံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီနှစ်ခု၏ အတွင်းရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှု၊ အစည်းအဝေးများ ကျင်းပဆောင်ရွက်မှု၊ လုပ်ငန်းကော်မတီနှစ်ခု၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေရရှိ၊ သုံးစွဲမှုများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းကော်မတီနှစ်ခု၏ အဖွဲ့ဝင်များဖြစ်သည့် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ဘေးဖြစ်ပွားမှုအခြေအနေများ၊ ရေကြီးရေလျှံမှုများ၊ ကမ်းပြိုကာကွယ်ရေး၊ နယ်စပ်မြစ်ချောင်းများ ထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်တောသစ်ပင်စိုက်ပျိုးရေး၊ ရေရှားပါးမှုတို့အတွက် ဆောင်ရွက်မှုအခြေအနေများ၊ Cyclone Shelter များ လိုအပ်မှုအခြေအနေ၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ရှာဖွေကယ်ဆယ်ရေးနှင့် အခြားပစ္စည်းကိရိယာများ အသုံးပြုမှုနှင့် လိုအပ်မှုအခြေအနေများ၊ IDP များနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများနှင့် ရန်ပုံငွေသုံးစွဲမှု၊ လိုအပ်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်များ၊ IDP များ၊ တိုက်ပွဲရှောင်များနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များ၊ သဘာဝဘေးများကြောင့် ဌာနပိုင် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများအတွက် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်သင့်သည့်လုပ်ငန်းများ၊ ဘတ်ဂျက်လျာထားမှုဆိုင်ရာများ၊ ရေရှားပါးမှု၊ Cyclone Shelter တည်ဆောက်မှုဆိုင်ရာများနှင့် ရန်ပုံငွေသုံးစွဲမှုဆိုင်ရာများကို ဆွေးနွေးသည်။

ဆုံးဖြတ်ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပြန်လည်ရှင်းလင်းပြီး ဆုံးဖြတ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေနိုင်သော ဆုံးရှုံးနိုင်ခြေမြင့်မားသည့် ဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များကို လိုအပ်သော နည်းပညာများ ဆန်းသစ်တီထွင်အသုံးပြုခြင်း၊ ပညာရှင်များ၏ အတွေ့အကြုံများကိုအခြေခံသည့် အကြံဉာဏ်များကို ရယူခြင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေအရ မဟာဗျူဟာ၊ စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်များကို အလျင်အမြန်တုံ့ပြန်နိုင်ခြင်းနှင့် ထိရောက်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် စံလုပ်ငန်းလမ်းညွှန်များဖြင့် အစိုးရ၏အကန့်အသတ်ရှိသော ဘဏ္ဍာရန်ပုံငွေများကို အလေအလွင့်မရှိအောင် စနစ်တကျစီမံခန့်ခွဲသုံးစွဲခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ပြည်သူများ အချိတ်အဆက်မိမိ ဆောင်ရွက်ကြရန်နှင့် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၁ ဦးအား စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးက စီစဉ်သည့် (၅) ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း (MNA) စင်းလုံးငှား အထူးကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

တာဝန်ယူဆောင်ရွက်ပေး

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

လှည်းကူးမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

လှည်းကူး ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၂၁) ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်က ဒါးပိန်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူထွေးတို့က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာမ ဒေါ်ခင်ပြုံးဝင့်က သင်တန်းသားသင်တန်းသူများအား စာတွေ့လက်တွေ့ သင်ကြားသည်။ သင်တန်းကို ဇန်နဝါရီ ၅ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

COVID-19 ကပ်ရောဂါကာကွယ်ဆေးဝယ်ယူရန် ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ် သန်း ၃၀၀၀ (၃ ဘီလီယံ) လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၉

ကမ္ဘောဇဘဏ်က ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) သို့ COVID-19 ကပ်ရောဂါကာကွယ်ဆေးဝယ်ယူရန်အတွက် ငွေကျပ် သန်း ၃၀၀၀ (ငွေကျပ် ၃ ဘီလီယံ) ကို ဇန်နဝါရီ ၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်အနေဖြင့် ယခု ကိုဗစ်-၁၉ ကာကွယ်ဆေး လှူဒါန်းမှုအပါအဝင် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစတင်ကာ ယနေ့အထိ ငွေကျပ် ၁၄ ဒသမ ၂ ဘီလီယံကျော် လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကမ္ဘောဇဘဏ်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေးတွင် ယနေ့အချိန်အထိ ငွေကျပ် ၁၈၄ ဘီလီယံကျော် လှူဒါန်းထားကြောင်း သိရသည်။

ကမ္ဘောဇဘဏ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် ပါဝင်လှူဒါန်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေးဝယ်ယူရန်အတွက် ငွေကျပ်သန်း ၃၀၀၀ (၃ ဘီလီယံ)ကို နိုင်ငံတော်မှ သတ်မှတ်ထားသော COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ စာရင်းအမှတ်သို့ ပေးသွင်း ထည့်ဝင်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအား ကာကွယ်ဆေး ထိုးနှံပေးရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားရန် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ COVID-19 ကာကွယ်ဆေး ဝယ်ယူရေးအတွက် ပါဝင်လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ မြန်မာကျပ်ငွေစာရင်းအမှတ် (OA 013733) သို့ အောက်ပါနည်းလမ်းများဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲနှင့် နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲအားလုံး၊ ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲအားလုံးတို့တွင် ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) နိုင်ငံပိုင်ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော စာရင်းများမှ စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) Mobile Banking / Mobile Wallet မှ လှူဒါန်းလိုပါက သက်ဆိုင်ရာ Service Provider / ပုဂ္ဂလိကဘဏ်များ၏ Mobile App များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) MPU Card (ATM Card) များမှ လှူဒါန်းလိုပါက MPU မှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(င) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့် MPU Debit/Credit ကတ်များဖြင့်ဖြစ်စေ၊ ပြည်တွင်း/ပြည်ပ Visa/Master Credit ကတ်များဖြင့်ဖြစ်စေ၊ ချိတ်ဆက်ထားသော Over-the-Counter ဆိုင်များ၌ ငွေသားပေးသွင်းခြင်းဖြင့်ဖြစ်စေ အလှူငွေများကို လွယ်ကူလုံခြုံစွာ ပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ နိုင်ငံခြားငွေစာရင်းအမှတ် (EDC 600012) သို့ အောက်ပါနည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် နိုင်ငံခြားငွေလုပ်ငန်းနှင့် နိုင်ငံခြားငွေ လုပ်ငန်းလုပ်ကိုင်ခွင့် AD လိုင်စင်ရ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေ စာရင်းများမှတစ်ဆင့် စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) မြန်မာ့စီးပွားရေးဘဏ်၏ SWIFT Code - MYEBMMMY ကို အသုံးပြု၍ Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ဟု ဖော်ပြ၍ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) ပြည်ပဘဏ်များမှတစ်ဆင့် ငွေလွှဲသည့်အခါ အထက်ဖော်ပြပါ SWIFT Code နှင့် Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ကို ဖော်ပြ၍ ငွေလွှဲနိုင်ပြီး ငွေလွှဲပို့သည့် ပြည်ပဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား တိုက်ရိုက်ဆက်သွယ်မှုမရှိပါက အောက်ပါ မြန်မာ့စီးပွားရေးဘဏ်၏ ပြည်ပအဆက်အသွယ်ဘဏ်များမှတစ်ဆင့် ဘဏ်အချင်းချင်း ချိတ်ဆက်ငွေလွှဲပို့နိုင်ပါသည်-

UOB Bank (Singapore)	OCBC Bank (Singapore)
DBS Bank (Singapore)	May Bank (Singapore/ Kuala Lumpur)
Sumitomo Mitsui Banking Corp (Tokyo)	Bank of Tokyo Mitsubishi UFJ (Tokyo)
Mizuho Bank (Tokyo)	Bangkok Bank (Bangkok)
Siam Commercial Bank (Bangkok)	Krung Thai Bank (Bangkok)
Thanachart Bank (Bangkok)	ICBC Bank (China)
OCBC Wing Hang Bank (Shanghai)	China Construction Bank (China)
Sonali Bank (Bangladesh)	AB Bank (Bangladesh)

၃။ အလှူရှင်စာရင်းကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက e-mail - treasuryo5@365 mopfi.gov.mm, treasury10@365 mopfi.gov.mm (သို့မဟုတ်) Viber - 09-251182042, 09-420788851 တစ်ခုခုသို့ အလှူငွေ ပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၄။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လူကိုယ်တိုင် လာရောက်လှူဒါန်းခြင်းနှင့် ပြည်တွင်းမှ Virtual အစီအစဉ်တို့ဖြင့် လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
- ဒေါ်စီစီပြုံး ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန ၀၆၇-၃၄၁၀၁၅၆ ၀၉-၄၅၀၄၅၅၂၃၇ - ဒေါ်ရီရီခိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေတိုက်ဦးစီးဌာန ၀၆၇-၃၄၁၀၁၅၈ ၀၉-၂၅၄၅၅၈၄၂၄	- ဦးမင်းသူ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၀၁-၈၃၉၁၃၄၂ ၀၁-၈၃၉၁၀၇၂	- ဦးထွန်းထွန်းအောင် ညွှန်ကြားရေးမှူး ပြည်တွင်းအခွန်များဦးစီးဌာန ၀၂-၄၀၃၅၉၁၆

၅။ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများသည် ဝင်ငွေခွန်ဥပဒေနှင့်အညီ အခွန်ဆိုင်ရာ သက်သာခွင့်များ ခံစားခွင့်ရှိပါသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

ဇီးကုန်း ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယနေ့နံနက် ၉ နာရီက ဇီးကုန်းမြို့နယ် နွားတဲကုန်းကျေးရွာအုပ်စု မြောက်လွတ်ကုန်းကျေးရွာ စားကျက်မြေတွင် စိုက်ပျိုးထားသော နေဗီယာမြက်စိုက်ပျိုးရေးသရုပ်ပြခြံအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာဆောင် သီးသန့်ခန်း ပြင်ဆင်ထားမှုအား ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်နိုင်ဦးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် အသုံးပြုရန် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ၊ လက်သန့်ဆေးရည်များ၊ နှာခေါင်းစည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဆရာဝန်ကြီးတို့က လက်ခံယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေထူထောင်ထားရှိမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ Coronavirus Disease 2019 (COVID -19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသည် COVID-19 ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေးအတွက် COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီကို (၃၀-၁၂-၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ၎င်းဆပ်ကော်မတီမှ COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund)ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်ပါသည် -

(က) **COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။** ၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေ၊ ကျပ် ၃၃၈ ဘီလီယံခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို စတင်ထည့်သွင်းပေးထားမည်ဖြစ်ပါသည်။

(ခ) **COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ(မြန်မာကျပ်ငွေစာရင်း အမှတ် OA 013733)။** ၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် သန်း ၁,၀၀၀ ကို စတင်ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)ရှိ COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)သို့ မည်သည့် နိုင်ငံခြားငွေ အမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည် -

ညွှန်ကြားရေးမှူးချုပ်	၀၆၇ ၃၄၁၀၁၅၆
ငွေတိုက်ဦးစီးဌာန	၀၆၇ ၃၄၁၀၁၅၈

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ထိရောက်မှုရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်စေရေး

ပြည့်ဖြိုးအောင် (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)

(၃၃) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်များ ဖိုရမ် (33rd ASEAN Capital Market Forum)

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၉ ရက်နေ့သည် အမျိုးသား အောင်ပွဲနေ့ဖြစ်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အဆိုပါ နေ့တွင် အလှည့်ကျဥက္ကဋ္ဌတာဝန်ယူလျက်ရှိသည့် ဗီယက်နမ်နိုင်ငံက ဦးစီးကျင်းပပြုလုပ်ခဲ့သည့် (၃၃) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၏ ကော်မရှင်ဥက္ကဋ္ဌများအစည်းအဝေး (ACMF Chairs' Meeting) သို့ မိမိတို့နိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌဖြစ်သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့်အဖွဲ့လည်း တက်ရောက်ခဲ့ပါသည်။ အာဆီယံဒေသတွင်းနိုင်ငံများရှိ အရင်းအနှီးဈေးကွက် ကြီးကြပ်ရေးကော်မရှင်များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းဝန်ရုံးနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြပါသည်။

အာဆီယံအရင်းအနှီးဈေးကွက်များဖိုရမ်၏ လမ်းပြမြေပုံအရ အာဆီယံအရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ACMF Action Plan တွင် ဖော်ပြထားသည့် ဦးစားပေး အဆင့်လေးဆင့် သတ်မှတ်ထားပြီး အကောင်အထည် ဖော်ဆောင်လျက်ရှိသည့် လုပ်ငန်းကဏ္ဍ ၁၅ ခုရှိပါသည်။ ယင်းတို့အထဲမှ ကာလတို/ ကာလလတ် ဦးစားပေးအစီအစဉ်များဖြစ်ကြသည့် (၁) ကော်ပိုရိတ်ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ ဖွင့်ဟထုတ်ဖော်ချက်များ (Corporate Sustainability Disclosures)၊ ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်ခံမှုရှိသည့် ဘဏ္ဍာရန်ပုံငွေစံနှုန်းများ (Sustainable and Responsible Fund Standards) နှင့် အာဆီယံတည်တံ့ခိုင်မြဲမှုဆိုင်ရာ ကာလရှည်ငွေချေးစာချုပ်စံနှုန်းများ (ASEAN Sustainability–linked Bond Standards) တို့ကို အခြေခံသည့်အဓိကအပိုင်း ခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အပါအဝင် (၆) ကြိမ်မြောက် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာအကဲဖြတ်မှုအစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်းနှင့် ဆုချီးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ ထည့်သွင်းဆွေးနွေးမှုများအပါအဝင် ဘာသာရပ်ဆိုင်ရာ Working Committee အသီးသီးမှ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်ကို တွေ့ရှိရပါသည်။ ACMF တက်ရောက်ဆွေးနွေးမှုများအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကလည်း သတင်းထုတ်ပြန်မှု ပြုလုပ်ခဲ့ပါသည်။

အထက်ပါ ကာလတို/ ကာလလတ်အကောင်အထည် ဖော်ဆောင်မည့်အချက်များအနက်မှ ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်ခံမှုရှိသည့် ဖွင့်ဟထုတ်ဖော်ချက်များ၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ဆက်စပ်၍ မိမိတို့နိုင်ငံရှိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနက ပူးပေါင်းအကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည့် အကြောင်းအရာများကို ပိုမိုသိရှိနားလည်စေရန်ရည်ရွယ်၍ မျှဝေရေးသားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့်ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများ စနစ်တကျကျင့်သုံးနိုင်ရန်နှင့် လိုအပ်သော နည်းပညာအကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation–IFC) တို့သည် ၂၀၁၇ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနောက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအရည်အချင်းစစ်မှတ်တမ်း (Corporate Governance Scorecard) ဆောင်ရွက်ရန် ကော်မရှင်၊ DICA၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် IFC တို့မှ တာဝန်ရှိသူများပါဝင်သော လုပ်ငန်းအဖွဲ့တစ်ရပ်ဖွဲ့စည်းခဲ့သည်။ IFC မှသင်တန်းများပို့ချခြင်း၊ စိတ်ပါဝင်စားပြီး အလားအလာကောင်းသောကုမ္ပဏီများကို ဖိတ်ကြား၍ အသိပညာပေးဆွေးနွေးပွဲများကျင်းပခြင်း၊ မေးခွန်းလွှာများ ဖြေကြားနိုင်ရန်စီစဉ်ပေးခြင်း၊ စိတ်ဝင်စားမှုရှိသော ကုမ္ပဏီများနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခြင်းတို့ ဆောင်ရွက်ခဲ့ပြီး "မြန်မာနိုင်ငံကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း ၂၀၁၈" ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

ထိရောက်မှုရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အမိန့်ကြော်ငြာစာထွက်ရှိရေးဆောင်ရွက်ခဲ့မှုများ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က ၃–၁၂–၂၀၂၀ ရက်နေ့တွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်ကြော်ငြာစာ (၂/၂၀၂၀) ကိုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအမိန့်ကြော်ငြာစာထွက်ရှိနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် နှောင်းပိုင်းကပင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သည့်နည်းပညာအကူအညီများ ပေးအပ်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်နှင့်အတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့ (Organization for Economic Cooperation and Development –OECD) တို့မှ တာဝန်ရှိသူတို့သည် နားလည်မှုစာချွန်လွှာလက်မှတ် ရေးထိုးခဲ့ကြပြီး DICA က အသိသက်သေအဖြစ်ပါဝင်ခဲ့ပါသည်။ ထို့နောက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြံပေးကော်မတီကို OECD၊ IFC၊ CBM၊ DICA၊ SECM၊ MICPA၊ UMFCCI တို့မှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းခဲ့ပြီး စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၊ အစုရှယ်ယာရှင် ၁၀၀ အထက်ရှိသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် ထိရောက်မှုရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဖြစ်ပေါ်စေရေးနှင့်စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance)

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုသည်မှာ စနစ်တစ်ခုဟု နားလည်သဘောပေါက်နိုင်ပြီး ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို တိကျကောင်းမွန်သည့်စနစ်များ၊ လက်တွေ့ကျသည့် အစဉ်အလာကောင်းများ၊ စည်းမျဉ်း/ စည်းကမ်းများဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စီမံအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ကြသည့် ကုမ္ပဏီများ၏ ကာလရှည်ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးတည်ငြိမ်မှု၊ ဂုဏ်သိက္ခာရှိမှုများအတွက် မရှိမဖြစ်အရေးပါသည့် အများပြည်သူရင်းနှီးမြှုပ်နှံသူတို့ ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပြည့်စုံသည့် ပတ်ဝန်းကျင်တစ်ခုကို ထူထောင်နိုင်ရေးပင်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ကောင်းမွန်ခြင်းကို အောက်ပါအပိုင်းလေးပိုင်းဖြင့် ခြုံငုံသုံးသပ်တိုင်းတာလေ့ရှိကြပါသည် –

(က) တာဝန်ခံမှု (Accountability)

ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ လုပ်ဆောင်ပုံမတူညီသည့် အပိုင်းများဖြစ်ကြသည့် နေ့စဉ်စီမံခန့်ခွဲမှုပြုလုပ်သည့်အဖွဲ့ (Management) သည် အစုရှယ်ယာရှင်အများစုမှ မဲပေးရွေးချယ်ထားကြသည့် ဒါရိုက်တာအဖွဲ့ (Board of Director) ကို တာဝန်ခံမှုပြုလုပ်ရပြီး BOD ကမူ မိမိတို့ကို ယုံကြည်စိတ်ချစွာ ရွေးချယ်တင်မြှောက်မှုပြုလုပ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ထားကြသော အစုရှယ်ယာရှင်များကို တာဝန်ခံ လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

(ခ) တရားမျှတမှု (Fairness)

အစုရှယ်ယာရှင်အခွင့်အရေး (Shareholders' Right) ကို အနည်းစုသာပိုင်ဆိုင်သည့် ရှယ်ယာရှင်များ အပါအဝင် အစုရှယ်ယာရှင်အားလုံးအကြား သာတူညီမျှမှုရှိစေရေးအတွက် စည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ကြရပြီး အငြင်းပွားမှုဖြစ်စဉ်များကို စနစ်တကျပွင့်လင်းမြင်သာမှုရှိစွာ ထိထိရောက်ရောက် ဆောင်ရွက်ကြရပါသည်။

(ဂ) ပွင့်လင်းမြင်သာ မှု(Transparency)ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာအချက် အလက်များ၊ အရေးပါသည့် ဆုံးဖြတ်ချက်များ၊ လုပ်ငန်းလုပ်ဆောင်မှုများ၊ ပိုင်ဆိုင်မှုနှင့် စီမံအုပ်ချုပ်မှုများကို တိကျပြည့်စုံသည့် ဖွင့်ဟထုတ်ဖော်ချက်များ (Disclosures) ဖြင့် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြလေ့ရှိသည့် စနစ်တစ်ခုကို ထားရှိလုပ်ဆောင်ကြရပါသည်။

(ဃ) လွတ်လပ်မှု (Independence)

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နေ့စဉ်စီမံခန့်ခွဲမှုပြုလုပ်သည့်အဖွဲ့ (Management) နှင့် ဒါရိုက်တာအဖွဲ့ (Board of Directors) သည် သဘောသဘာဝ တူညီသယောင်ရှိသော်လည်း လုပ်ဆောင်ပုံချင်းမတူညီပါ။ BOD သည် အစုရှယ်ယာရှင်များအားလုံး၏ သဘောတူချမှတ်ထားသည့် စည်းမျဉ်း/ စည်းကမ်းများနှင့်အညီ လုပ်ငန်းကိစ္စရပ်များကို လွတ်လပ်စွာ ဆွေးနွေးဆုံးဖြတ်ရမည်ဖြစ်ပြီး စီမံခန့်ခွဲမှုပြုလုပ်သည့်အဖွဲ့ (Manage– ment) သည်လည်း နေ့စဉ်နှင့်အမျှ လုပ်ငန်းလုပ်ဆောင်မှုများသည် စနစ်တကျလွှမ်းမိုးမှုကင်းစွာ လုပ်ဆောင်ကြရပါသည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် သီးခြားဖွဲ့စည်းထားသော လွတ်လပ်သည့်ကော်မတီများ (Independent Committees) နှင့် သီးခြားလွတ်လပ်သည့်ဒါရိုက်တာများ (Independent Director) ခန့်အပ်ထားရှိပြီး ယင်းတို့နှင့် သက်ဆိုင်သည့်လုပ်ဆောင်မှုများသည် ချမှတ်ထားသည့်လုပ်ငန်းစဉ်များနှင့်အညီ ဖြစ်ရပါမည်။ BOD၊ Management နှင့် Independent Committee များ၏လုပ်ဆောင်မှုများသည် တစ်စုံတစ်ဦး/ အဖွဲ့အစည်းတစ်ခုခု၏ လွှမ်းမိုးမှုမရှိစေရပေ။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်ကြော်ငြာစာမှာ ဘာတွေပါသလဲ

ကော်မရှင်မှ ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာတွင် အခန်း ခုနစ်ခန်းနှင့် လိုက်နာဆောင်ရွက်ရမည့်ပြဋ္ဌာန်းချက် ၁၅ ချက်ပါဝင်ပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အဓိကနယ်ပယ် လေးခုဖြစ်သည့် ဒါရိုက်တာအဖွဲ့ဝင်များကို ထိန်းချုပ်မှုစနစ် (Control System for the Board of Directors)၊ စာရင်းစစ်ကော်မတီ (Audit Committee)၊ သီးခြားလွတ်လပ်သည့် ဒါရိုက်တာများ (Independent Directors) နှင့် ဖွင့်ဟထုတ်ဖော်မှု သို့မဟုတ် ဒါရိုက်တာများ၏ အစီရင်ခံတင်ပြမှုများ (Disclosures/ Directors' Reports) ကို အခြေပြု၍ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့်အချက်များကို OECD မှ နည်းပညာအကြံဉာဏ်များရယူပြီး SECM နှင့် DICA တို့ပူးပေါင်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ကာ ရေးဆွဲပြုစုထားခြင်း ဖြစ်ပါသည်။

DICA ကလည်း သီးခြားလွတ်လပ်သည့်ဒါရိုက်တာများနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ (၉၀/ ၂၀၂၀) ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ကုမ္ပဏီတစ်ခု၏ သီးခြားလွတ်လပ်သည့် ဒါရိုက်တာတစ်ဦးခန့်အပ်မည်ဆိုပါက (၁) ကုမ္ပဏီနှင့် ဆက်စပ်အဖွဲ့အစည်းများ၌ လွန်ခဲ့သော သုံးနှစ်အတွင်း အလုပ်လုပ်ခဲ့သူ၊ (၂) အဆိုပါပုဂ္ဂိုလ်သာမက ယင်း၏ မိသားစုဝင်များသည်လည်း လွန်ခဲ့သောသုံးနှစ် သို့မဟုတ် လက်ရှိ အလုပ်လုပ်နေသူ၊ (၃) မတည်ငွေရင်း သို့မဟုတ် မဲပေးပိုင်ခွင့် ငါးပုံတစ်ပုံနှင့်အထက်ပိုင်ဆိုင်သူနှင့် (၄)ပစ္စည်း၊ ငွေကြေးဆက်ဆံမှုရှိသည့်ကုမ္ပဏီများတွင် အမှုဆောင်အရာရှိအဖြစ် ဆောင်ရွက်နေသူများမဖြစ်ရဘဲ အဆိုပါ အချက်လေးချက်နှင့် ရှင်းရှင်းလင်းလင်းကင်းလွတ်သူများကိုသာ သီးခြားလွတ်လပ်သည့် ဒါရိုက်တာအဖြစ် ခန့်အပ်ရမည်ဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ❑



ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ (၂/၂၀၂၀) နှင့် ညွှန်ကြားချက်အမှတ် (၃/၂၀၂၀)တို့အား တွေ့ရစဉ်။

အိမ်သုံးလျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်ပတ်သက်၍ စားသုံးသူများ ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုရှိစေရန် စည်းမျဉ်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

အိမ်သုံးလျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ပတ်သက်၍ စားသုံးသူများ ဘေးအန္တရာယ်လုံခြုံစိတ်ချရမှု ရှိစေရန် စည်းမျဉ်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ယနေ့ မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သည်နှင့်အညီ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများ အသုံးပြုမှုတိုးတက် များပြားလာပါကြောင်း၊ အချို့ လျှပ်စစ်ပစ္စည်းများသည် ပြည်တွင်းတွင် ထုတ်လုပ်နိုင်မှု မရှိသဖြင့် ပြည်ပမှ မှာယူတင်သွင်းလျက်ရှိရာ အရည်အသွေး ပိုင်းဆိုင်ရာ သတ်မှတ်ချက်နှင့်ကိုက်ညီရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တွင် လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများနှင့် ပတ်သက်သည့် အာဆီယံဒေသတွင်း အပြန်အလှန် လက်ခံအသိအမှတ်ပြုသည့်အစီအစဉ် (ASEAN EEE MRA: ASEAN Sectoral Mutual Recognition for Electrical and Electronic Equipment) နှင့် အာဆီယံဒေသတွင်း လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများအတွက် စည်းမျဉ်းများအား တစ်ပြေးညီ သတ်မှတ်ရေးအစီအစဉ် (AHEEERR: ASEAN Harmonized Electrical and Electronic Equipment Regulatory Regime) တို့ကို ပါဝင်လက်မှတ်ရေးထိုးထားသော်လည်း ယနေ့အချိန်အထိ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် စားသုံးသူကာကွယ်ရေးတို့အား အပြည့်အဝဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ လက်ရှိရေးဆွဲပြုစုထားသည့် အိမ်သုံးလျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများအတွက် စားသုံးသူများ ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုရှိစေရေး စည်းမျဉ်းများ (EEE Safety Regulations) အပေါ်တွင် ပိုမိုပြည့်စုံမှုရှိစေရန်နှင့် အမြန်ဆုံးအကောင်အထည်ဖော် ပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါကြောင်း၊ ယခုအခါတွင် လူတစ်ဦးလျှင် ၃၈၉ ယူနစ်အထိ သုံးစွဲလာနိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလာနိုင်သဖြင့် လျှပ်စစ်ပစ္စည်းသုံးစွဲမှုလည်း များပြားလာသကဲ့သို့ ထိခိုက်မှုအန္တရာယ်များလည်း ပိုမိုများပြားလာပါကြောင်း၊ သို့ပါ၍ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ လျှပ်စစ်ဓာတ်အား သုံးစွဲမှုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများတွင် “One Sun, One World, One Grid” ဆောင်ပုဒ်နှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းဆောင်ပုဒ်အရ လျှပ်စစ်ဓာတ်အား သုံးစွဲမှုနှင့်ပတ်သက်၍ ကြုံတွေ့ရသည့် အသက်အိုးအိမ် စည်းစိမ် ပျက်စီးဆုံးရှုံးမှုများကို ပြည်တွင်းသာမက ပြည်ပရှိ စားသုံးသူပြည်သူများအတွက် အကာအကွယ်ပေးနိုင်မည့် စည်းမျဉ်းများဖြင့် ပေါင်းစည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ ရေးဆွဲပြုစုထားသည့် EEE Safety Regulations (မူကြမ်း)ကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး မြန်မာနိုင်ငံနှင့်သင့်လျော်မည့် EEE Safety Regulations တစ်ရပ် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဓိကတာဝန်ခံအဖွဲ့အစည်းများဖြစ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ ဦးဆောင်၍ ပူးတွဲလုပ်ငန်းကော်မတီ (၁)ရပ်ဖွဲ့စည်းပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

❖ **ရန်ကုန်မြို့မှ**

“အင်းစိန်မြို့နယ်မှာဆိုလို့ရှိရင် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက် နေရာပေါင်း ၁၀ နေရာလောက်ကို မြန်မာ့မီးရထားကဆောင်ရွက်သွားဖို့ရှိပါတယ်။ အခုဆောက်လုပ်ပြီးစီးတဲ့ အဆောက်အအုံ နှစ်လုံးကတော့ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွေအရ ဝန်ထမ်းမိသားစုတွေကို နေရာချထားပေးတာဖြစ်ပြီး ဝန်ထမ်းမိသားစုတွေ ယခင်နေထိုင်ခဲ့တဲ့ ဝန်ထမ်းလိုင်းခန်းနေရာတွေကိုလည်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သဘောကတော့ ယခင်ရှိနေတဲ့ ဝန်ထမ်းအိမ်ရာလိုင်းခန်းတွေဟာ တစ်ထပ်တွေပဲဖြစ်တာမို့ နေရာများများယူရသလိုဖြစ်နေတဲ့အတွက် အထပ်မြင့်အဆောက်အအုံတွေ ဆောက်လုပ်ပြီး ဝန်ထမ်းအိမ်ရာလိုင်းခန်းက ဝန်ထမ်းတွေအတွက် နေရာချထားပေးလိုက်တာကြောင့် ယခင်ဝန်ထမ်းအိမ်ရာလိုင်းခန်းနေရာတွေဟာဆိုရင် မြေနေရာအလွတ်တွေဖြစ်ပြီး အဆောက်အအုံအသစ်တွေ ထပ်မံပေါ်ထွက်လာမှာမို့ အကျိုးဖြစ်ထွန်းစေမယ့် ဖွံ့ဖြိုးရေးစီမံကိန်းတွေကို မြန်မာ့မီးရထားအနေနဲ့ဆောင်ရွက်သွားနိုင်ဖို့လည်းဖြစ်ပါတယ်” ဟု မြန်မာ့မီးရထား တိုင်းအမှတ်(၇)ရန်ကုန်၊ အင်ဂျင်နီယာမှူး(မြို့ပြ)ဦးလင်းခိုင်ဌေးက ပြောကြားသည်။

အဆိုပါအင်းစိန်မြို့နယ် လှိုင်မီးရထားဝင်းအတွင်းရှိ ခြောက်ခန်းတွဲ ငါးထပ်တိုက်အဆောက်အအုံကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဩဂုတ်လပိုင်းကဆောက်လုပ်ခဲ့ပြီး ဝက်စုရပ်ကွက်အတွင်းရှိ ခြောက်ခန်းတွဲ လေးထပ်တိုက်အဆောက် အအုံကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလပိုင်းက ဆောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးခဲ့သောကြောင့် ဝန်ထမ်းအိမ်ရာကော်မတီများ ဖွဲ့စည်းနေပြီဖြစ်၍ မကြာမီကာလအတွင်း မြန်မာ့မီးရထား တိုင်းအမှတ်(၇) ရန်ကုန်နယ်မြေအတွင်းမှ ဝန်ထမ်းမိသားစုများ အဆင်ပြေစွာ နေထိုင်နိုင်ကြတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှသိရသည်။

ပွင့်သစ္စာ၊ ဓာတ်ပုံ–စိုးမြင့်အောင်

❑ **စာမျက်နှာ ၆ မှ**

❑ စာမျက်နှာ ၆ မှ

ကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၏ အခန်း (၃) သည် အစုရှယ်ယာရှင်များ၏ အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်ပြီး လွယ်ကူစွာ မဲပေးနိုင်ရေး၊ လုံလောက်မှုရှိသည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိစေရေးနှင့် အမြတ်ဝေစုခွဲဝေရေးဆိုင်ရာမူဝါဒအား ချမှတ်ထုတ်ဖော်ကြေညာခြင်းတို့ ဖြစ်ပါသည်။ အခန်း (၄)ပါ ပြဋ္ဌာန်းချက်များသည် ဒါရိုက်တာအဖွဲ့နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များဖြစ်ပြီး ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံနှင့် အခြေခံလုပ်ဆောင်ရမည့် အချက် ငါးချက်၊ တစ်နှစ်လျှင် အနည်းဆုံးလေးကြိမ်ကျင်းပရမည့် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး၊ စာရင်းစစ်ကော်မတီဖွဲ့စည်းထားရှိရေး၊ ကော်မတီ၏တာဝန် လေးချက်အပါအဝင် နိုင်နင်းစွာဆောင်ရွက်နိုင်ရန် အချက် သုံးခုပါဝင်သည့် စနစ်တစ်ခု ချမှတ်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ အခန်း (၅)တွင် ဆက်နွှယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များတွင် လိုက်နာဆောင်ရွက်ရမည့် အချက်သုံးချက် ပါဝင်သည်။ အခန်း (၆) တွင် ဒါရိုက်တာများ၏ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြရမည့် အမြတ်ဝေစုမူဝါဒ၊ ဒါရိုက်တာအဖွဲ့ဖွဲ့စည်းပုံ၊ ထိန်းချုပ်မှုစနစ်၊ တစ်နှစ်အတွင်း ကျင်းပပြုလုပ်သည့် အစည်းအဝေးအရေအတွက်နှင့် တက်ရောက်သောအဖွဲ့ဝင်များ စာရင်းအစရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက် ၁၄ ချက်ပါဝင်ပါသည်။

ကော်မရှင် (SECM) မှ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်ကြော်ငြာစာနှင့်အတူ ယင်း၏ကဏ္ဍတစ်ခုဖြစ်သည့် မဖြစ်မနေလိုက်နာဆောင်ရွက်ကြရမည့် ညွှန်ကြားချက်အမှတ် (၃/၂၀၂၀) အား ပူးတွဲထုတ်ပြန်ခဲ့ပါသည်။ ယင်းသည် ဆက်နွှယ်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော အရောင်းအဝယ်၊ အလွှဲအပြောင်းပြုလုပ်မှုများဆိုင်ရာ လိုက်နာကြရမည့်အချက်များပင်ဖြစ်ပါသည်။ ကော်မရှင်၏ Website ဖြစ်သည့် www.secm.gov.mm တွင် မြန်မာ- အင်္ဂလိပ်နှစ်ဘာသာဖြင့် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။

လိုက်နာဆောင်ရွက်ခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာပြဋ္ဌာန်းချက်များကို ထုတ်ပြန်ရသည့် အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာအလေ့အကျင့်များကို မြှင့်တင်ပေးရန်နှင့် လွယ်ကူစွာလိုက်နာနိုင်စေရန်တို့အပြင် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများနှင့် အစုရှယ်ယာရှင်များအကြား အပြန်အလှန်ထိန်းကျောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်လာစေရေးတို့ဖြစ်ကြပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များအား တိကျစွာလိုက်နာခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိစေခြင်း၊ ရင်းနှီးမြှုပ်နှံသူအပါအဝင် အများပြည်သူ၏ယုံကြည်စိတ်ချရမှုမြင့်မားစေခြင်း၊ ကုမ္ပဏီအား စနစ်တကျရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ ကုမ္ပဏီနှင့် ပတ်သက်ဆက်နွှယ်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများအကြား တန်းတူညီမျှ သမမျှတသည့်လုပ်ငန်းစဉ်များကို ဖြစ်ထွန်းစေခြင်းအစရှိသည့် အခြေခံအလေ့အကျင့်ကောင်းများနှင့်အတူ အကျိုးကျေးဇူးများစွာကို ရရှိစေမည် ဖြစ်ပါသည်။ ယင်းနှင့်အတူ မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာ့ဘဏ်မှ နှစ်စဉ်စိစစ်အကဲဖြတ်ထုတ်ပြန်လျက်ရှိသည့် Ease of Doing Business ပါ အနည်းစုပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရေး ညွှန်းကိန်း (Protecting Minority Investor) တွင်လည်း ရမှတ်များတိုးတက်ရရှိလာနိုင်မည် ဖြစ်ပါသည်။ သို့ရာတွင် စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီအရေအတွက်အနည်းဆုံး ၁၀ ခုနှင့်အထက်ရှိမှသာ အချို့သောရမှတ်များကို ထည့်သွင်းစဉ်းစားသုံးသပ်သည်ကိုလည်း မမေ့လျော့သင့်ပေ။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များသည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများသာ လိုက်နာဆောင်ရွက်ရမည်မဟုတ်ဘဲ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီများအနေဖြင့်လည်း ကိုက်ညီသည့်အချက်များကို မိမိတို့၏ သဘောဆန္ဒအလျောက် လိုက်နာကျင့်သုံးခြင်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်နိုင်ပါစေကြောင်း အသိပေးတင်ပြလိုက်ပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုသည်မှာ စနစ်တစ်ခုဟု နားလည်သဘောပေါက်နိုင်ပြီး ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို တိကျကောင်းမွန်သည့်စနစ်များ၊ လက်တွေ့ကျသည့် အစဉ်အလာကောင်းများ၊ စည်းမျဉ်း / စည်းကမ်းများဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စီမံအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ကြသည့်ကုမ္ပဏီများ၏ ကာလရှည်ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးတည်ငြိမ်မှု၊ ဂုဏ်သိက္ခာရှိမှုများအတွက် မရှိမဖြစ်အရေးပါသည့် အများပြည်သူရင်းနှီးမြှုပ်နှံသူတို့ ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပြည့်စုံသည့်ပတ်ဝန်းကျင်တစ်ခုကို ထူထောင်နိုင်ရေးပင်ဖြစ်။

ရည်ညွှန်း –

www.secm.gov.mm

ဦးအောင်နိုင်ဦး၏ “မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု” ဆောင်းပါး၊

OECD မှ Mr. Kanta Fukami၊ Senior Policy Analyst ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ဆွေးနွေးတင်ပြချက်များ

ရန်ကုန်တက္ကသိုလ်ထဲက အနုပညာရပ်ဝန်းပန်းချီခန်းမ

ခင်လပြည့်ဝန်း

ရန်ကုန်တက္ကသိုလ်လို့ဆိုလိုက်တာနဲ့ တက္ကသိုလ်အရိပ်ကို ခိုဝင်နားခဲ့ဖူးသူတိုင်း အဓိပတိလမ်း၊ ဂျပ်ဆင်၊ သစ်ပုပ်ပင်၊ အာရ်စီ ခေါ် အပန်းဖြေရိပ်သာ၊ ရေတမာပင်၊ စိန်ပန်းပင်၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ အင်းလျားကန်စတဲ့ မှတ်မှတ်ထင်ထင်ရှိတဲ့နေရာတွေ တစ်ခုပြီးတစ်ခု မြင်ကွင်းထဲရောက်လာပါတော့တယ်။

နောက်ပြီး မာလာဆောင်၊ ရတနာဆောင်၊ သီရိဆောင်၊ အင်းဝဆောင်၊ ပဲခူးဆောင်၊ ဒဂုံဆောင်၊ စစ်ကိုင်းဆောင်၊ ပင်းယဆောင်စတဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ ပညာသင်နေတုန်းနေကြရတဲ့ အဆောင်နာမည်လေးတွေ အစီအရီပေါ်လာပြန်ရော။ တစ်ဆက်တည်းမှာပဲ ကိုယ်ပညာသင်ခဲ့ဖူးတဲ့ မန္တလေးဆောင်၊ သိပ္ပံခန်းတွေ၊ လက်တွေ့ခန်း၊ နောက်ကျောင်းလခသွင်းခဲ့ရတဲ့နေရာ ကျောင်းသားရေးရာ၊ နောက် လေးနှစ်တာပညာသင်အပြီး ဘွဲ့အပ်နှင်းရာ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံ... အားလုံးက သတိရစရာချည်းပါပဲ။

ရန်ကုန်တက္ကသိုလ်မဖြစ်ခင် အဲဒီရန်ကုန်တက္ကသိုလ်နယ်မြေဟာ ဟိုးတုန်းက ဧက ၄၀၀ ကျော် ကျယ်ဝန်းတဲ့ နာနတ်တောကြီးနဲ့ တောရိုင်းကြီးတဲ့၊ စိတ်ကူးနဲ့မြင်ကြည့်မိတာတောင် နည်းတဲ့အကျယ်အဝန်းမဟုတ်ဘူးတဲ့။

အကောင်းဆုံးတက္ကသိုလ်တစ်ခု

ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်နိုင်ငံမှာရှိတဲ့ အောက်စဖို့ဒ်၊ကိန်းဘရစ်ချ်တက္ကသိုလ်တွေမှာရှိတဲ့ စနစ်အတိုင်း ဖွဲ့စည်းတည်ဆောက်ထားတယ်လို့ သိရပါတယ်။ ရန်ကုန်တက္ကသိုလ်ဟာ ၁၉၄၀–၁၉၅၀ ပြည့်နှစ် ဝန်းကျင်လောက်က အရှေ့တောင်အာရှရဲ့ အကောင်းဆုံး တက္ကသိုလ်တစ်ခုဖြစ်ခဲ့တာပါ။ တခြားအာရှတိုက်မှာရှိတဲ့နိုင်ငံတွေက ကျောင်းသားတွေလာပြီး ပညာဆည်းပူးရာ တက္ကသိုလ်တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလထဲမှာ ကျွန်မတခုတ်တရ ရောက်ခဲ့ပါသေးတယ်၊ တက္ကသိုလ်အပန်းဖြေရိပ်သာထဲမှာ တက္ကသိုလ်အမှတ်သညာပွဲလုပ်လို့ပါ။ နံရံကပ်စာစောင်မှာ ကျွန်မရဲ့ 'ကံ့ကော်စာစု' လေးတွေ့တော့ ဝမ်းသာလိုက်တာ။ ၂၀၁၉ နှစ်ကုန်နဲ့ ၂၀၂၀ နှစ်ဆန်းပိုင်းတွေမှာတော့ ကံ့ကော်မြေကို ခဏခဏ ရောက်ဖြစ်တယ်။ တောင်ငူဆောင်က ဆရာကြီး ဦးဖေမောင်တင်ရုပ်တု ဖွင့်ပွဲမှာလည်း ကျောင်းတုန်းက မိတ်ဆွေ၊ စာပေရောင်းရင်းအများကြီးတွေ့ရတော့ ဝမ်းသာအားရဖြစ်မိတယ်။ ရန်ကုန်တက္ကသိုလ်ရာပြည့်အမှတ်တရ အိတ်တို့၊ ဦးထုပ်တို့လည်း ဝယ်ကြ၊ လက်ဆောင်ပေးကြနဲ့ တကယ့်ကျောင်းသား ကျောင်းသူတွေလို အရွယ်ပြန်ငယ်ပြီး ပျော်ရွှင်ကြည်နူးရပြန်တယ်။

၂၀၂၀ ပြည့်နှစ်စကတည်းက ရာပြည့်တက္ကသိုလ်ပွဲအတွက် ပွဲစဉ်တွေဆက်တိုက်လုပ်လာကြပြီ။ မှတ်မှတ်ရရ ဖေဖော်ဝါရီလ ၁၃ ရက် နေ့လယ်ပိုင်းမှာ ရန်ကုန်တက္ကသိုလ်သစ်ပုပ်ပင်အောက် ကဗျာရွတ်ပွဲလုပ်တော့ ကျွန်မလည်း 'လွမ်းလိုက်တာကံ့ကော်ရွာရယ်' ကဗျာလေးကို အဲဒီပွဲမှာရွတ်ဆိုခဲ့ပါသေးတယ်။ မတ်လ ၁၂ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တောင်ငူဆောင်မှာ ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် အလွမ်းရိပ်လည်ပြန်ကဗျာများစာအုပ်မိတ်ဆက်ပွဲလုပ်လို့ ရောက်ခဲ့ရတယ်။ ရန်ကုန်တက္ကသိုလ် ကလောင်အသင်း ၁၉၅၈–၁၉၆၂ အမှုဆောင်ဟောင်းတွေက စီစဉ်ထုတ်ဝေခဲ့တဲ့ ကဗျာလေးပါ၊ အဲဒီကဗျာစာအုပ် မိတ်ဆက်ပွဲလုပ်ပြီးနောက်ပိုင်း ကိုဗစ်အရှိန်မြင့်လာတာကြောင့် တက္ကသိုလ်နယ်မြေထဲ မရောက်ဖြစ်တော့။

တက္ကသိုလ်နံ့သင်းတဲ့သီချင်းတွေ

ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်မရဲ့အစ်မအကြီးဆုံးက တက္ကသိုလ်အနုပညာအသင်းဝင်ပါ၊ ရန်ကုန် အနုပညာအသင်းမှာ စာသင်အားလပ်ချိန်ဆို အပန်းဖြေရိပ်သာထဲမှာ စန္ဒရားနဲ့အတီးအဆို ဆိုကြ၊ အဖွဲ့လိုက်ပျော်စရာကောင်းတယ်ဆိုတာ ခဏခဏပြောပြပါတယ်။ မမကြီးတို့တက္ကသိုလ်တက်ခါစ ၁၉၆၄–၁၉၆၅ ခုနှစ်ကဆိုတော့ ကျွန်မသိပ်ငယ်သေးပေမယ့် တခုတ်တရပြောပြလို့ မှတ်မိနေတာပါ။ မြကျွန်းညိုညိုတက္ကသိုလ်၊ ချစ်ရက်ရှည်ရှည် အင်းလျားမြေ၊ ကံ့ကော်မြိုင်တန်း၊ သူ့ခေတ်သူ့အခါနဲ့ တက္ကသိုလ်နံ့သင်းတဲ့သီချင်းတွေပါ။ ကျွန်မတို့ တက္ကသိုလ်ရောက်တော့ တက္ကသိုလ်ကျောင်းက ငွေလမင်း၊ တက္ကသိုလ်မှာဝေတဲ့နှင်း၊ ကံ့ကော်ပန်းတွေပွင့်ပြန်ပြီ အစရှိတဲ့သီချင်းတွေက ရင်ကိုထိမှန်စေတဲ့ ဂီတမြားတွေပေါ့၊ ကျွန်မမောင်လေး ညီမလေးတွေ တက္ကသိုလ်တက်တဲ့အခါ တက္ကသိုလ်မြေနေဝင်မှာစိုးတယ်၊ ကံ့ကော်မြို့တော်၊ ဂျပ်ဆင်ထိပ်က လရိပ်ပြာ စတဲ့သီချင်းတွေနဲ့အတူ တက္ကသိုလ်အငွေ့အသက်လေးတွေနဲ့ ပညာနှစ်တွေကုန်ဆုံးခဲ့ရတယ်။

ခုလိုချိန်ခါ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အနေနဲ့ မြန်မာ့ရုပ်မြင်သံကြားက တစ်ချိန်က တက္ကသိုလ်နဲ့ ပတ်သက်တဲ့သီချင်းတွေကို အပတ်စဉ်သောကြာနေ့သတင်းပြီးတိုင်း အပုဒ် ၁၀၀ ပြည့်အောင် Live လွှင့်ခဲ့ပါတယ်၊ မူရင်းအဆိုရှင်တွေရော မျိုးဆက်သစ်တွေပါ တက္ကသိုလ်နဲ့ပတ်သက်တဲ့ သီချင်းတွေကို ကြိုးစားဆိုကြပါတယ်။ မမကြီး မမလေးတို့အရွယ်တွေက 'မြကျွန်းညိုညိုတက္ကသိုလ်'၊ 'တက္ကသိုလ် ကျောင်းသူတစ်ဦး' အဲဒီလိုသီချင်းတွေကြားရင် တက္ကသိုလ်ကိုလွမ်းသတဲ့ 'တက္ကသိုလ်မှာဝေတဲ့နှင်း'၊ 'ကံ့ကော်ပန်းတွေပွင့်ပြန်ပြီ'၊ 'ကံ့ကော်မြို့တော်' သီချင်းတွေကြားရင် ကျွန်မတို့အသက်အရွယ်တွေက မြသီလာ ကံ့ကော်မြေကို သတိရမိပြန်ရော။ 'ဂျပ်ဆင်ထိပ်က လရိပ်ပြာ'၊ '၈၂/ အင်းလျားသီချင်း' ကြားပြန်တော့ မောင်လေး ညီမလေးတွေက လွမ်းလိုက်တာ ကျောင်းတော်ကြီးကိုတဲ့။ သူ့ခေတ်နဲ့သူ့အခါ အလျဉ်းသင့်သလို လွမ်းကောင်းနေဆဲပါ။ မြကျွန်းညိုညိုတက္ကသိုလ် သီချင်းစာသားထဲကလို စာပေ၊ ဂီတနဲ့သာ အနုပညာအစစမှာလည်းစုံဆိုတဲ့အတိုင်း ကျွန်မရဲ့တက္ကသိုလ်ကျောင်းသူဘဝမှာ ကိုယ်ဝါသနာပါတဲ့ 'ပန်းချီပညာ' ကိုပါ ဆည်းပူးခွင့်ရလို့ တက္ကသိုလ်ကျောင်းသူဘဝ ပိုပြီးပီပြင်လာစေပါတယ်။

ရန်ကုန်တက္ကသိုလ်ပန်းချီအသင်းမှ သင်တန်းသား၊ သင်တန်းသူများ ဆွဲထားသည့် ပန်းချီလက်ရာများကို ဆရာကြီးများက စစ်ဆေးပေးစဉ်။

ပန်းချီပညာကို ဆည်းပူးခွင့်ရ

ကျွန်မတို့ တက္ကသိုလ်စတက်တော့ ၁၉၇၅ ခုနှစ်မှာပါ။ အဲဒီနှစ်မတိုင်ခင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ပထမနှစ်ကျောင်းသား ကျောင်းသူတွေကို NS လို့ခေါ်တဲ့ လှိုင်နယ်မြေက သဘာဝသိပ္ပံ (Natural Science) မှာ ကျောင်းတက်ရပါတယ်။ နောက်နှစ် ဒုတိယနှစ်မှ မန္တလေးဆောင်မှာ တက်ရတာပါ။ ကျွန်မတို့ တက္ကသိုလ်စတက်တော့ နေထိုင်တဲ့ မြို့နယ်အလိုက် ဗိုလ်တထောင်နယ်မြေနဲ့ လှိုင်တက္ကသိုလ်နယ်မြေနှစ်ခုမှာ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပထမနှစ်စတက်ရတာပါ။ ကျွန်မက ရူပဗေဒ (Physics) အဓိကယူထားတော့ ပထမနှစ်အတွက် လက်တွေ့ဘာသာရပ်ဖြစ်တဲ့ Physics၊ Chemistry၊ Botany၊ Zoology သိပ္ပံဘာသာတွဲတွေကို ရန်ကုန်တက္ကသိုလ်ပင်မဌာန လက်တွေ့ခန်းတွေမှာ သွားလုပ်ရပါတယ်။ လေးဘာသာစလုံး ဗုဒ္ဓဟူးနေ့ တစ်နေ့တည်းနေကုန် မိန်း (main)ထဲ သွားလုပ်ရတာ တကယ်ပျော်မိတယ်။ ပထမနှစ်ကတည်းက ရန်ကုန်တက္ကသိုလ်ကို တောအုပ်ထဲရောက်သွားသလို ခံစားရတယ်။ ဒုတိယနှစ်ကို မန္တလေးဆောင်မှာ တက်ရပါတယ်။ ပြောရရင် တက္ကသိုလ်ပညာသင်ယူရတဲ့ လေးနှစ်စလုံး ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာနေခဲ့ရလို့ ကျောင်းနေပျော်ခဲ့ရတယ်။ ပိုပြီးပျော်စရာကောင်းလာတာက ကျွန်မ ဝါသနာပါတဲ့ ပန်းချီပညာကို ဆည်းပူးခွင့်ရလိုက်တာပါပဲ။

၁၉၇၇ ခုနှစ်ကနေ ၁၉၇၉ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်အနုပညာအသင်း ပန်းချီခန်းမမှာ ပန်းချီသင်တန်းကို စနေ၊ တနင်္ဂနွေနေ့ နှစ်ရက်၊ စနေနေ့ကို မွန်းလွဲ တစ်နာရီကနေ သုံးနာရီ၊ တနင်္ဂနွေနေ့ မနက်ကိုးနာရီကနေ ၁၀ နာရီအထိ သင်တန်းတက်ရပါတယ်။ အရင်ကပန်းချီသင်တန်းကို အာရ်စီအပန်းဖြေရိပ်သာထဲမှာ သင်ပေးတာပါ။ အဲဒီတုန်းက အာရ်စီထဲမှာ စန္ဒရားတီးတဲ့အခန်း၊ ပတ္တလားတီးတဲ့အခန်း၊ အကတိုက်တဲ့ အခန်း၊ ပန်းချီသင်တန်းအခန်းတွေရှိခဲ့ကြတယ်လို့ စီနီယာအစ်ကို အစ်မတွေက ပြောပြတယ်။ ကျွန်မတို့ တက္ကသိုလ်ပညာသင်ယူစဉ်တုန်းကလည်း စန္ဒရားတီးသံ၊ ပတ္တလားတီးသံ၊ အကတိုက်သံ၊ ဘော်လီဘော၊ ဘတ်စကက်ဘောအားကစားပြိုင်ပွဲ အားပေးသံတွေညံလို့ ပျော်စရာအတော်ကောင်းခဲ့ပါတယ်။

ကျွန်မတို့ ပန်းချီသင်တန်းခက တစ်လ ခြောက်ကျပ်ပါ။ ကျောင်းလခက တစ်ဆယ့်ငါးကျပ်။ အိမ်က မုန့်ဖိုးတစ်လ သုံးဆယ့်ငါးကျပ်ပေးတာ တော်တော်သုံးရပါတယ်။ နောက်နှစ်အတန်းကြီးလာမှ ၅၀ ရတာပါ။ မုန့်ဖိုးတွေစုပြီး ပန်းချီရေးဖို့ ဆေးဘူးဝယ်ခဲ့ရတယ်။ ပန်းချီသင်တန်းမှာ ရန်ကုန်ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်တစ်ခုတည်းက ကျောင်းသားတွေပဲတက်တာ မဟုတ်ပါဘူး။ စီးပွားရေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ တိ/မွေးတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေပါ လာတက်ကြတာပါ။ ပြောရရင် တက္ကသိုလ်ပေါင်းစုံက ကျောင်းသား ကျောင်းသူတွေ စုံလင်ပါတယ်။ တစ်နှစ်တစ်ခါ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် နှစ်လည်ပန်းချီ ပြပွဲကို အပန်းဖြေရိပ်သာထဲမှာကျင်းပပေးတယ်။ ကျွန်မ တတိယနှစ်အရောက်မှာ ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်ခ အငြိမ်းစားယူခဲ့ပြီး ဒေါက်တာမောင်ဒီက ပါမောက္ခချုပ် ဖြစ်လာတယ်။ အနုပညာဝါသနာပါပြီး ပါရမီရှိခဲ့သူဖြစ်တဲ့ ဆရာခ အငြိမ်းစားယူသွားပေမယ့် ပါမောက္ခချုပ်ဖြစ်လာတဲ့ ဒေါက်တာမောင်ဒီကလည်း ပန်းချီပညာကို အားပေးခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်ပန်းချီအသင်းက နှစ်စဉ် နှစ်လည်ပန်းချီပြပွဲကို တက္ကသိုလ်အပန်းဖြေရိပ်သာမှာ လုပ်လေ့ရှိတယ်။ ပန်းချီပြပွဲဖွင့်ပွဲကို ရန်ကုန်တက္ကသိုလ်က ပါမောက္ခချုပ်တွေ ကိုယ်တိုင်ဖွင့်ပေးလေ့ရှိတယ်။ ပန်းချီသင်တန်း တက်နေသူတွေ၊ သင်တန်းဆင်းပြီးသူတွေက ကိုယ်စွမ်းကိုယ်ရည်နဲ့ ပန်းချီကားတွေ ပြပွဲအတွက် တင်ကြတယ်။ အဲဒီပန်းချီခန်းထွက် ဝါသနာရှင်တွေ ရန်ကုန်တက္ကသိုလ်ပန်းချီအသင်းက နှစ်လည်ပန်းချီပြပွဲများလုပ်ခဲ့သလို ၁၉၇၉ ခုနှစ်ကစပြီး ကံ့ကော်ရွာ(Gangaw Village) အမည်ပေးထားတဲ့ ပန်းချီပြပွဲ ပြသနိုင်ခဲ့။

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

၁၉၇၉ ခုနှစ် ဘွဲ့ရပြီး ၁၉၈၀ ပြည့်နှစ်လောက်အထိ ပန်းချီသင်တန်းဆက်တက်သော်လည်း လုပ်ငန်းခွင် ဝင်လိုက်သည့် အချိန်များမှာ သင်တန်းဆက်မတက်ဖြစ်တော့။ တစိုက်မတ်မတ် ပန်းချီဝါသနာပါတဲ့သူတွေအတွက် အနုပညာဥယျာဉ်ထဲ ခိုင်ခိုင်မတ်မတ်ပန်းချီပန်းပင်တွေ စိုက်နိုင်ခဲ့ပြီ။ ပန်းချီသင်တန်း ပထမနှစ်မှာသင်ပေးတဲ့ ဆရာကြီး ဦးလွန်းကြွယ်က အသင်အပြတော်သလို ဒုတိယနှစ် ပန်းချီသင်တန်းကို သင်ကြားပေးတဲ့ ဆရာကြီး ဦးသိန်းဟံကလည်း သင်ကြားတာ စေတနာပါလွန်းလှပါတယ်။

ပန်းချီပညာရှင်တွေ ဖြစ်လာ

ကျွန်မတို့ အနုပညာအသင်း ပန်းချီဌာနစိတ်ကနေ ပန်းချီပညာရှင်တွေ အများကြီး ပေါ်ထွက်လာခဲ့ကြတယ်။ ကိုသြ၊ စောအင်ဒရူး၊ မျိုးမြင့်၊ စံမင်း၊ ကေမြိုး၊ ဇေယျ၊ မမွေး၊ ဌေးမြင့် စတဲ့ ပန်းချီခန်းမက ဝါသနာရှင်တွေဟာ ပညာရှင်အဆင့်အထိ လူသိများထင်ရှားလာတဲ့ ပန်းချီပညာရှင်တွေ ဖြစ်လာကြတယ်။

ရန်ကုန်တက္ကသိုလ်ပန်းချီအသင်းက နှစ်စဉ် နှစ်လည် ပန်းချီပြပွဲကို တက္ကသိုလ်အပန်းဖြေရိပ်သာမှာ လုပ်လေ့ရှိတယ်။ ပန်းချီပြပွဲဖွင့်ပွဲကို ရန်ကုန်တက္ကသိုလ်က ပါမောက္ခချုပ်တွေကိုယ်တိုင် ဖွင့်ပေးလေ့ရှိတယ်။ ပန်းချီသင်တန်း တက်နေသူတွေ၊ သင်တန်းဆင်းပြီးသူတွေက ကိုယ်စွမ်းကိုယ်ရည်နဲ့ ပန်းချီကားတွေ ပြပွဲအတွက် တင်ကြတယ်။ အဲဒီပန်းချီခန်းထွက် ဝါသနာရှင်တွေ ရန်ကုန်တက္ကသိုလ် ပန်းချီအသင်းက နှစ်လည်ပန်းချီပြပွဲများလုပ်ခဲ့သလို ၁၉၇၉ ခုနှစ်ကစပြီး ကံ့ကော်ရွာ(Gangaw Village) အမည်ပေးထားတဲ့ ပန်းချီပြပွဲ ပြသနိုင်ခဲ့ပါတယ်။ ကံ့ကော်ရွာပန်းချီပြပွဲ ပွဲစဉ်(၁) ကို ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁) ပြည်လမ်း လိပ်ခုံးခန်းမမှာ လုပ်ခဲ့တာပါ။

ကံ့ကော်ရွာဆိုတဲ့ပန်းချီပြပွဲမှာ ပြပွဲတာဝန်ခံကို သူကြီးဆိုတဲ့ ဝေါဟာရသုံးပါတယ်။ ကံ့ကော်ရွာ ၁(Gangaw Village 1) သူကြီးက အောင်ကျော်မိုးပါ။ ကံ့ကော်ရွာ ၂ (Gangaw Village 2) သူကြီးက စံမင်း ဆေးတက္ကသိုလ် (၁) လိပ်ခုံးမှာပဲ ပန်းချီပြပွဲ လုပ်ဖြစ်ပါတယ်။ ကံ့ကော်ရွာ ၃(Gangaw Village 3) ပန်းချီပြပွဲကတော့ ပြည်လမ်း ဂျပ်ဆင်ယုဒသန်ခန်းမမှာ လုပ်ဖြစ်သွားပါတယ်။ ကံ့ကော်ရွာ ၃ သူကြီးက မျိုးမြင့်ပါ။ ကံ့ကော်ရွာ ၁ ကနေ ကံ့ကော်ရွာ ၉ (၁၉၈၆) အထိ ပန်းချီပြပွဲ ဆက်တိုက်လုပ်ဖြစ်တယ်။ နောက် ကံ့ကော်ရွာ ၁၀(Gangaw Village 10) ကျတော့ ၁၉၉၅ ခုနှစ်မှ ပန်းချီပြပွဲ ပြန်လုပ်ဖြစ်တယ်။ ဒီကြားထဲ ကံ့ကော်ရွာပန်းချီပြပွဲ မလုပ်ဖြစ်ပါ။ ကံ့ကော်ရွာ ၁၁(Gangaw Village 11) ကိုတော့ ၂၀၀၀ ပြည့်နှစ်မှ ပြန်ပြသဖြစ်တယ်။ ကံ့ကော်ရွာ ၁၁ ရဲ့ သူကြီးကတော့ ကိုမျိုး(ကေမြိုး) ဖြစ်ပြီး ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းက လောကနတ်ပန်းချီခန်းမမှာ လုပ်ဖြစ်တာပါ။ ကံ့ကော်ရွာ ၁၁ ကနေ ကံ့ကော်ရွာ ၁၇ အထိ လောကနတ်မှာပဲ ဆက်တိုက်ပြပွဲလုပ်ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာတော့ ကံ့ကော်ရွာ ၁၇ က Gangaw Village 17 A ကို Suvanabhumi Art Gallery, Chaing Mai, Thailand မှာ ပြပွဲပြုလုပ်ခဲ့ပြီး ကံ့ကော်ရွာသူကြီးက စံမင်းပါ။ နောက်ကံ့ကော်ရွာ ၁၈ ကို လောကနတ်ခန်းမမှာ ပြန်ပြီး ပန်းချီပြပွဲလုပ်ခဲ့ပြီး သူကြီးက ဇေယျဖြစ်ပါတယ်။ ပန်းဆိုးတန်းလောကနတ်ပန်းချီခန်းမမှာပဲ ကံ့ကော်ရွာ ၂၄ (Gangaw Village 24) အထိ ပြပွဲလုပ်ဖြစ်ပြီး ကံ့ကော်ရွာ ၂၅(Gangaw Village 25) ကို ဂျပ်ဆင်ခန်းမမှာ ပြန်လုပ်ဖြစ်တယ်။ Gangaw Village 26 ကို Think Art Gallery မှာ လုပ်ဖြစ်ပြီး Gangaw Village 27 ကို ပြည်လမ်း ဂျပ်ဆင်ယုဒသန်ခန်းမမှာ ပြန်လုပ်ဖြစ်တာ ၂၀၂၀ Gangaw Village 31 ကံ့ကော်ရွာ ၃၁ အထိပါ။

ရန်ကုန်တက္ကသိုလ် စီးပွားရေးတက္ကသိုလ်တိုးချဲ့ဆောင်တစ်ထပ်ခန်း AE ခန်းများအနီးရှိ အနုပညာအသင်း ပန်းချီခန်းမအား တွေ့ရစဉ်။

ကံ့ကော်မြို့တော်ဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်နယ်မြေထဲက အနုပညာအသင်းပန်းချီခန်းမလေးက တကယ် နွေးထွေးတဲ့ နေရာလေးပါ။ အဲဒီ ပန်းချီခန်းမလေးထဲမှာ ပန်းချီဆရာကြီးတွေရဲ့ သင်ကြားမှုကြောင့် ပါရမီရင့်သန်တဲ့သူတွေကတော့ ပန်းချီပညာရှင်ဖြစ်လာခဲ့ပြီး ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ကျောင်းသား ကျောင်းသူ ဖြစ်ခဲ့ကြသူတွေပဲ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းပန်းချီခန်းမမှာ ပန်းချီပညာသင်ယူခဲ့သူတွေဟာ ကံ့ကော်ရွာ ပန်းချီပြပွဲကို ရန်ကုန်တက္ကသိုလ် ဂုဏ်ဆောင်ပြသနိုင်ခဲ့ကြတယ်။

ဒါကြောင့် ရန်ကုန်တက္ကသိုလ်ကြီးဟာ ပညာတစ်ခုတည်း သင်ယူဖို့မဟုတ်ဘဲ ဘဝနေထိုင်နိုင်ဖို့အတွက် သင်ကြားပေးလိုက်တဲ့ နေရာဌာနပါ။ အခုအချိန်အထိ ရန်ကုန်တက္ကသိုလ် ပရဝဏ်ထဲမှာ ဝိဇ္ဇာခန်းမနောက်ဘက် စီးပွားရေးတက္ကသိုလ် တိုးချဲ့ဆောင် တစ်ထပ်အခန်း AE ခန်းတွေနားမှာ ချစ်စဖွယ် တစ်ထပ်တိုက် ပန်းချီခန်းမလေးဟာ မျိုးဆက်သစ် ပန်းချီပညာရှင်လေးတွေကို ဆက်လက်မွေးထုတ်ပေးနေတဲ့ နေရာလေး ဖြစ်ပါတယ်။ ကျွန်မတို့ ပန်းချီသင်ယူစဉ်ကာလတုန်းက ပန်းချီခန်းမထဲမှာ ပန်းချီလက်တွေ့ရေးဆွဲနည်းတွေ သင်ပေးသလို ပန်းချီဆရာကြီးတွေက ပြင်ပလက်တွေ့ ရေးဆွဲနည်းတွေလည်း သင်ပြပေးတာ ပျော်စရာပါပဲ။ သန်လျင်၊ သာခုကန်၊ ပဲခူးစတဲ့ နေရာတွေကိုလည်း အောက်ဒိုးပြင်ပလေ့လာပြီး ရေးဆွဲရတဲ့ ပန်းချီပညာပါ သင်ပေးပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ က ရန်ကုန်တက္ကသိုလ် ပန်းချီခန်းမမှာ ပန်းချီပညာသင်ယူခဲ့တာ ဂုဏ်ယူမဆုံး ဖြစ်ရပါတယ်။ အမိရန်ကုန်တက္ကသိုလ်ကြီးက စာပေ၊ ဂီတ၊ အနုပညာသာမက အားကစား ထူးချွန်သူများ၊ နိုင်ငံ့ခေါင်းဆောင်များစွာကိုလည်း မွေးထုတ်ပေးခဲ့တာ တကယ် ဂုဏ်ယူစရာပါ။ ကျွန်မတို့လို ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းတွေအနေနဲ့ အမိတက္ကသိုလ်အတွက် ရင်ထဲက ဂုဏ်ပြုနေတာ ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးပဲ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ပရဝဏ်မှာ ရာပြည့် အခမ်းအနားကို ကိုဗစ်-၁၉ ကြောင့် မကျင်းပရပေမယ့် ကျွန်မတို့အားလုံးရင်ထဲမှာ အမိတက္ကသိုလ်ရဲ့ ရာပြည့် မွေးနေ့အတွက် စိတ်ကူးပုံဖော်ပြီး ပြုံးရိပ်ပျော်ရင်း အတွေးနဲ့ ဂုဏ်ပြုနေကြပါတယ်ဆိုတဲ့အကြောင်း ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ ကိုယ်စား ဆန္ဒကို ဖွင့်လှစ်ပြလိုက်ပါရတယ်။ ။

စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- ❖ အဘ ဦးကျော်စိန်၊ အမိ ဒေါ်ထွန်းတို့မှ ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် မိတ္ထီလာမြို့၌ မွေးဖွားသည်။
- ❖ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (RASU) တွင် ရူပဗေဒ အဓိကဖြင့် ဘွဲ့ရခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မှတ်ပုံတင်ရှေ့နေ R.L အောင်မြင်ခဲ့သည်။
- ❖ ၁၉၇၇ ခုနှစ်မှစ၍ စာပေနယ်ထဲ စတင်ရောက်ရှိခဲ့သည်။
- ❖ ၁၉၈၀-၈၈ ခုနှစ်ထိ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်တွင် ဘွဲ့ရအလုပ်သင်(၃) ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။
- ❖ စာပေဗိမာန်စာမူဆု သုံးဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆု သုံးဆု အပါအဝင် စာပေဆု ၁၁ ဆု ရရှိခဲ့ပါသည်။
- ❖ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူးတာဝန် ထမ်းဆောင်လျက်ရှိသည်။

ဖိုက်ဘာအလှဆင်ပစ္စည်းများ တွင်ကျယ်စွာထုတ်လုပ်ကာ မြန်မာပြည်အနှံ့သို့ တင်ပို့ရောင်းချလျက်ရှိ

မန္တလေး ဇန်နဝါရီ ၉

ဖိုက်ဘာ အလှဆင်ပစ္စည်းများဖြင့် ကစားကွင်းများ၊ ပန်းခြံများ၊ ကျောင်းများ၊ ရုံးများ၊ ဘုတာများ၊ စက်ရုံများနှင့် နေအိမ်များတွင် အသုံးပြုမှုများပြားလာခြင်းကြောင့် တွင်ကျယ်စွာထုတ်လုပ်ကာ မြန်မာပြည်အနှံ့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)ရှိ TZ ဖိုက်ဘာဂလပ်စ် လုပ်ငန်းတည်ထောင်သူ ဦးသန်းဇော်ထံမှ သိရသည်။

"လက်မှုပညာ ပေါင်းစပ်ပြီး ထုတ်လုပ်တဲ့ ဖိုက်ဘာအလှဆင်ပစ္စည်းတွေက ပြည်တွင်းဈေးကွက်မှာတော့ နေရာရလာပါပြီ၊ မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်တဲ့ သူငယ်တော် ရေအိုးရွက်လို ဖိုက်ဘာအလှဆင်ပစ္စည်းမျိုးတွေ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်ကို တင်ပို့နိုင်ဖို့ နေရာစုံမှာ လေ့လာဆောင်ရွက်နေပါတယ်" ဟု ဦးသန်းဇော်က ပြောသည်။

အသုံးပြုမှုများပြားလာ

ဖိုက်ဘာအလှဆင်ပစ္စည်းများကို အသုံးပြုမှု များပြားလာသည်မှာ ငါးနှစ်ကျော် ၁၀ နှစ်ခန့်ရှိကြောင်း၊ ဖိုက်ဘာပစ္စည်းများက ပလတ်စတစ်များနှင့်မတူဘဲ ရေ၏ သဘာဝဂုဏ်သတ္တိအတိုင်း ထိန်းသိမ်းပေးနိုင်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိစေရန် ဖန်တီးပေးနိုင်ခြင်း၊ နှစ်ရှည်အသုံးပြုနိုင်ခြင်း၊ ပေါ့ပါးခိုင်ခံ့မှုရှိခြင်း၊ ဆွဲမြည့်ပျက်စီးမှုနည်းပါးခြင်း၊ ပြုပြင်ထိန်းသိမ်းရလွယ်ကူခြင်း၊ သယ်ဆောင်ရလွယ်ကူခြင်း အစရှိသည့် အားသာချက်များကြောင့် အသုံးပြုမှု များပြားလာခြင်းဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

နောင်ပိုအောင်ဒေသထွက် ဓားများ ဈေးကွက်သို့ ပို့ဆောင်

ဟုမ္မလင်း ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်စံပြကျေးရွာထွက် နောင်ပိုအောင်ဓားများအနက် လက်ရှိ တွင်ကျယ်စွာထုတ်နေရသော မီးဖိုချောင်သုံးဓားများ ဈေးကွက်သို့ ပို့ဆောင်နေရကြောင်း နောင်ပိုအောင်ဓားလုပ်သူ ကိုသန့်ဇင်မောင်ထံမှ သိရသည်။

"နောင်ပိုအောင်မှာက မီးဖိုချောင်သုံးဓားလုပ်ခဲတယ်။ တစ်ချောင်းကို ငွေကျပ် ၂၅၀၀၀ နဲ့ ၃၀၀၀၀ ဝန်းကျင်ဈေးနဲ့ ဓားမတွေ အသားလှီးဓားအချွန်တွေ လုပ်နေပါတယ်။ တော်တော်များများကတော့ သေးနုပ်လို့ထင်တယ်။ သိပ်မလုပ်ကြဘူး။ ဦးစားပေးက ငှက်ကြီးတောင်နဲ့ ကင်ဒိုဓားလုပ်ကြတာများတယ်။ အနုစိတ်လုပ်ရတဲ့ ငှက်ကြီးတောင်ဓားက အချောအဆင့်က ဈေးပိုတယ်။ ကျပ်တစ်သိန်းကနေ ရှစ်သိန်းဈေးအထိ ရောင်းရတယ်။ ကြမ်းချောအဆင့်က ငွေကျပ် ၃၅၀၀၀ ကနေ တစ်သိန်းဝန်းကျင်ဈေးအထိရှိတယ်"ဟု ကိုသန့်ဇင်မောင်က ပြောသည်။

တစ်လလျှင် ငွေကျပ်သုံးသောင်းခွဲမှ ငါးသောင်းခွဲဈေးအထိရှိသည့် နောင်ပိုအောင်ဓား အလက် ၅၀ ခန့်ထွက်ပြီး အော်ဒါမှာရသည့် ငွေကျပ်တစ်သိန်းနှင့် ရှစ်သိန်းကြားဈေးရှိသည့်ဓားသည် နှစ်ချောင်း သုံးချောင်းခန့် ထွက်ကြောင်း သိရသည်။

နောင်ပိုအောင်ဓါးအများစုကို ရန်ကုန်မြို့သို့ ပို့ရပြီး တောင်ကြီး၊ နေပြည်တော်၊ တာချီလိတ်၊ မွန်ပြည်နယ် ကျိုက်ထို၊ သထုံဘက်ရှိ အလှထားချင်သူများ၊ အိမ်သုံးသူ၊ ရော်ဘာခြံလုပ်ငန်းလုပ်သူများက မှာယူကြကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၉

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၂၂၄၇၀၁၅၇	၁၃၂၆၁၅၉၁	၃၇၈၃၀၃
၂။	အိန္ဒိယ	၁၀၄၄၁၂၄၇	၁၀၀၆၅၇၀၄	၁၅၀၈၉၆
၃။	ဘရာဇီး	၈၀၁၅၉၂၀	၇၁၁၄၄၇၄	၂၀၁၅၄၂
၄။	ရုရှား	၃၃၇၉၁၀၃	၂၇၅၄၈၀၉	၆၁၃၈၁
၅။	ဗြိတိန်	၂၉၅၇၄၇၂	၁၃၆၄၈၂၁	၇၉၈၃၃
၆။	ပြင်သစ်	၂၇၄၇၁၃၅	၂၀၁၂၈၆	၆၇၄၃၁
၇။	တူရကီ	၂၃၀၇၅၈၁	၂၁၈၂၁၄၅	၂၂၄၅၀
၈။	အီတလီ	၂၂၃၇၈၉၀	၁၅၈၉၅၉၀	၇၇၉၁၁
၉။	စပိန်	၂၀၅၀၃၆၀	စိစစ်ဆဲ	၅၁၈၇၄
၁၀။	ဂျာမနီ	၁၈၉၈၈၃၆	၁၅၁၁၈၀၀	၄၀၅၃၅

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၈၁၈၃၈၆	၆၇၃၅၁၁	၂၃၉၄၇
၂။	ဖိလစ်ပိုင်	၄၈၅၇၉၇	၄၄၉၆၁၅	၉၃၉၈
၃။	မလေးရှား	၁၃၃၅၅၉	၁၀၆၈၃၂	၅၄၂
၄။	မြန်မာ	၁၃၀၀၄၉	၁၁၃၅၅၀	၂၈၂၆
၅။	စင်ကာပူ	၅၈၈၆၅	၅၈၅၈၀	၂၉
၆။	ထိုင်း	၁၀၀၅၃	၅၅၄၆	၆၇
၇။	ဗီယက်နမ်	၁၅၁၃	၁၃၆၁	၃၅
၈။	ကမ္ဘောဒီးယား	၃၈၇	၃၆၅	၀
၉။	ဘရူနိုင်း	၁၇၃	၁၅၃	၃
၁၀။	လာအို	၄၁	၄၀	၀

ယခုနှစ် ဖေဖော်ဝါရီလတွင် ရော်ဘာစေးများ ရောင်းချရန် စီစဉ်နေ

ကသာ ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် နန့်လှိုင်ကျေးရွာအနီးရှိ ရော်ဘာပင် စိုက်ပျိုးသူများသည် ယခင်နှစ် ဩဂုတ်လမှစ၍ ထုတ်ယူရရှိသည့်ရော်ဘာစေးများကို လာမည့်ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရော်ဘာပင်များကို လူဦးရေ ၁၀ ဦးခန့် စုပေါင်းပြီး တစ်ဦးလျှင် ခြောက်ဧကခန့်အထိ စိုက်ပျိုးထားရာ ရော်ဘာစေးများကို တစ်ရက်လျှင် ပေါင် ၆၀ ခန့် ထုတ်ယူရရှိကြောင်း သိရသည်။

“ရရှိတဲ့ ရော်ဘာစေးတွေကို မန္တလေးကို တင်ပို့ရောင်းချတယ်။ ပြီးခဲ့တဲ့နှစ် ဩဂုတ်လမှာ ရော်ဘာစေး တစ်ပေါင်ကို ငွေကျပ်၇၀၀ကနေ ၈၀၀ ခန့်အထိ ရောင်းချရပါတယ်။ အခုလက်ရှိ ထုတ်ယူရရှိတဲ့ ရော်ဘာအစေးတွေကတော့ ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေတဲ့အတွက် သယ်ယူပို့ဆောင်တဲ့နေရာမှာ အဆင်မပြေတာကြောင့် မရောင်းသေးဘဲ လာမယ့်ဖေဖော်ဝါရီလမှာ ရောင်းဖို့ စီစဉ်ထားတာဖြစ်ပါတယ်”ဟု ရော်ဘာခြံပိုင်ရှင် ဒေါ်ရီမေသားက ပြောကြားသည်။

ရော်ဘာပင်များမှ ထွက်ရှိသည့် အစေးများကို လွန်ခဲ့သည့် သုံးနှစ်ခန့်တွင် တစ်ပေါင်လျှင် ငွေကျပ် ၁၀၀၀ အထိ ရောင်းချရသော်လည်း ယခုနှစ်တွင် ရော်ဘာစေးတစ်ပေါင်လျှင် ငွေကျပ် ၇၀၀ မှ ၈၀၀ အထိသာ ရောင်းချရပြီး ရော်ဘာပင်မျိုးများကို မိုးညှင်းမြို့နှင့် မြစ်ကြီးနားမြို့မှ ဝယ်ယူစိုက်ပျိုးထားကာ မိုးတွင်းကာလတွင် ရော်ဘာစေးအတွင်းသို့ မိုးရေများ ဝင်သောကြောင့် ရော်ဘာအစေးနှင့် လုပ်အားခများ ဆုံးရှုံးသည့်အတွက် အစေးထုတ်လုပ်ခြင်းကို အနည်းငယ်သာ လုပ်ကိုင်ကြောင်း ရော်ဘာပင် စိုက်ပျိုးသူများထံမှ သိရသည်။

ရဲအောင်(ကသာ)

သန်လျင်၌ ဆောင်းသီးနှံ ပဲတီစိမ်းဧက ၄၂၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ ယခုနှစ် ဆောင်းရာသီတွင် ပဲတီစိမ်းဧက ၄၂၉၀၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ထိုသို့ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးရာတွင် သန်လျင်မြို့နယ် ဝင်းခနီးကျေးရွာ၊ ဖားကူးအရှေ့ကျေးရွာ၊ ဖားကူး အနောက်ကျေးရွာ၊ ဒေးဇတ်ကျေးရွာ၊ သပြေကုန်းကျေးရွာ၊ လဟာရက်ကျေးရွာ၊ ကဒတ်ဖြာကျေးရွာ၊ ပုဂံထောင်ကျေးရွာ၊ မင်္ဂလွန်းကျေးရွာ၊ ရုံးသပြေကန်ကျေးရွာ၊ ဘော့သပြေကန်ကျေးရွာ၊ ကရင်ဆိပ်ကျေးရွာ၊ သူဌေးကွင်းကျေးရွာ၊ ကုလားဝဲကျေးရွာ၊ ညောင်လေးပင်ကျေးရွာ၊ ငပကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ လက်ယက်စမ်းကျေးရွာ၊ ဆေးလုံးကြီးကျေးရွာ၊ ချောင်းစောက်ကျေးရွာ၊ ဘယက်ကျေးရွာ၊ သနပ္ပင်ကျေးရွာနှင့် စစ်ပင်ကွင်းကျေးရွာတို့တွင် ပဲတီစိမ်း ၂၂၃၇၁ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး GAP စိုက်စနစ်ဖြင့် ပုဂံထောင်ကျေးရွာတွင် ပဲတီစိမ်း ၃၂၃ ဧကနှင့် ဘော့သပြေကန်ကျေးရွာ၌ ပဲတီစိမ်း ၁၀၉ ဧကတို့အားစိုက်ပျိုးခဲ့ကာ သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပဲစိုက်တောင်သူများ တစ်ဧက စိုက်ပျိုးကုန်ကျစရိတ် သက်သာသည့် GAP စိုက်ပျိုးနည်းစနစ်များအား တောင်သူများသို့ တိုးချဲ့အသိပညာပေး၍ ဆောင်းသီးနှံ ပဲတီစိမ်း မြို့နယ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သန်လျင်မြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်သူတောင်သူများ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ စိုက်ပျိုးသီးနှံ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဆီမြေလွှာနှင့် သဘာဝဓာတ်မြေဩဇာရရှိရေး၊ ပိုးသတ်ဆေးများ အန္တရာယ်ကင်းရှင်းစွာ စနစ်တကျသုံးစွဲတတ်ရေးများကို ကွင်းဆင်းကာ လက်တွေ့ရှင်းလင်းပြသခြင်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ကော့သောင်း-ရနောင်းနယ်စပ် တရားမဝင်ကူးသန်းသွားလာမှုမပြုရေး အထူးကြပ်မတ်ဆောင်ရွက်

ကော့သောင်း ဇန်နဝါရီ ၉

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာနေသည့်အတွက် မြန်မာ-ထိုင်းနယ်စပ်ရေပြင်လုံခြုံရေးကို ထိုင်းနိုင်ငံဘက်မှ ပိုမိုတိုးမြှင့် ဆောင်ရွက်လျက်ရှိသဖြင့် ကော့သောင်း- ရနောင်းနယ်စပ် တရားမဝင်ကူးသန်းသွားလာမှု မပြုကြရေး ဒေသတာဝန်ရှိ အဖွဲ့အစည်းများက မြို့နေပြည်သူများသို့ သတိပေးဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရောဂါကူးစက်မှု အခြေအနေများကြောင့် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အလုပ်လုပ်ကိုင်နေကြသော မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံသားများအား ဇန်နဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ အလုပ်ရှင်များက မိမိတို့၏ တရားဝင်စာရွက်စာတမ်း အထောက်အထားမရှိသော အလုပ်သမားများကို သတ်မှတ်ထားသည့် ခရိုင်အလုပ်အကိုင် ရှာဖွေရေးဦးစီးဌာနရုံးများတွင် စာရင်းပေးသွင်းကာ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ခွင့် ပန်းရောင်ကတ်များ လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက်က ရနောင်း ခရိုင်ဝန်ရုံး၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အဆိုပါကာလအတွင်း ရနောင်းခရိုင်အတွင်းသို့ တရားမဝင် ဝင်ရောက်လာမှုများအား တားဆီးနိုင်ရေး ထိုင်းရေတပ်မတော်မှ အထူးတပ်ဖွဲ့များက အထူးမြန်နှုန်းမြင့် လုံခြုံရေးရေယာဉ်ငယ်နှစ်စင်းဖြင့် ပါချန်မြစ်ကြောင်းနယ်စပ်ရေပြင် လုံခြုံရေးကို အခြားလုံခြုံရေးတပ်ဖွဲ့များနှင့်ပူးတွဲ၍ ၂၄ နာရီ ဆောင်ရွက်လျက်ရှိရာ တရားမဝင် ဝင်ရောက်လာသူများအား ထိရောက်သည့် အရေးယူမှု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းဘုရင့်တပ်မတော် (တပ်မတော်ရေ) စစ်တိုင်းအမှတ် (၃)၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း မြန်မာ-ထိုင်းနှစ်နိုင်ငံ လူပုဂ္ဂိုလ်များ ကူးသန်းသွားလာမှုကို ဆိုင်းငံ့ထားပြီး ယခုကဲ့သို့ နယ်စပ်လုံခြုံရေးကို ထိုင်းနိုင်ငံမှ တင်းကျပ်စွာ ဆောင်ရွက်ထားမှုများကြောင့် မလိုလားအပ်သည့် ပြဿနာများ မပေါ်ပေါက်ရေး ကော့သောင်းမြို့နေပြည်သူများ နယ်စပ်ဖြတ်ကျော် ကူးသန်းသွားလာမှုမပြုကြရန် ဒေသတာဝန်ရှိ အဖွဲ့အစည်းအဆင့်ဆင့်က အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

နွယ်ခြူးရင်းကိုင် စင်လုံးယိုင်

ကိုရင်ဩ

ကမ္ဘာကျော် အမေရိကန်ရွေးကောက်ပွဲကြီးတွင် ဂျိုးဘိုင်ဒင် အောင်ပွဲခံမှုကို အတည်ပြုနိုင်စေရန် အမတ်မင်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ "ကွန်ဂရက်" လွှတ်တော်၌ လုပ်ဆောင်လျက်ရှိကြစဉ် "မီးစာကုန်ဆီခန်း" အချိန်သို့ ရောက်လုလု သမ္မတ ဒေါ်နယ်ထရမ့်အား ထောက်ခံသူ လူအုပ်ကြီးတစ်အုပ်က "ပြည်ထောင်စု" ၏ "နှလုံးသည်းပွတ်"ဟု ဆိုအပ်သော ကွန်ဂရက် လွှတ်တော်အဆောက်အအုံကြီးအတွင်းသို့ ဝရုန်းသုန်းကား ဒလဟောဝင်ရောက်လာကာ ယင်းအဆောက်အအုံကို နာရီပိုင်းအတန်ကြာမျှ သိမ်းပိုက်ခဲ့ကြသည်ဆိုသော သည်းထိတ်ရင်ဖိုဖွယ်ရာ၊ အံ့သြကုန်နိုင်ဖွယ်ရာ သတင်းတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုရသောအခါ အမေရိကန်"ဒီမိုကရေစီ" "အကုသိုလ်"ဝင်လေပြီလောဟု ကျွန်ုပ် တရားသံဝေဂရမိရင်း "ထူးထွေတည့် အံ့ရာ" ယင်းသတင်းနှင့်ပတ်သက်၍ စေ့ငုလေ့လာမိလေ၏။

အမှောင်မိုက်ဆုံးနေ့ရက်

ဇန်နဝါရီလ ၆ ရက်နေ့သည်ကား အမေရိကန်ပြည်ထောင်စု၏ သမိုင်းစာမျက်နှာတွင် "အမှောင်မိုက်ဆုံးနေ့ရက်" တစ်ရက်အဖြစ် အောချကြရသည့် နေ့ရက်ပါပေတည်း။ အကြောင်းမူကား ယင်းနေ့ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဂျိုးဘိုင်ဒင် ရွေးကောက်ပွဲအောင်ပွဲခံမှုကို အတည်ပြုနိုင်စေရေးအတွက် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့၏မဲများကို တရားဝင်ရေတွက်အတည်ပြုသည့်လုပ်ငန်းစဉ် လုပ်ဆောင်လျက်ရှိကြစဉ် ကွန်ဂရက်လွှတ်တော်အဆောက်အအုံကြီးကို ထရမ့်၏ နောက်လိုက်နောက်ပါ ဆန္ဒပြသူများက "တရကြမ်းစီး" ခဲ့ကြခြင်းကြောင့်ဖြစ်၏။

ထရမ့်အရေး လှုပ်ရှားတက်ကြွသူ လူအုပ်ကြီးတစ်အုပ်က လုံခြုံရေး "စည်း" ကို ချိုးဖောက်ကြလျက် အဓမ္မ ဝင်ရောက်လာခဲ့ကြ၏။ အစောပိုင်းတွင် ပြုလုပ်သော နိုင်ငံရေး လူထုစည်းဝေးပွဲကြီးတွင် ထရမ့်၏ ရွေးကောက်ပွဲရလဒ် မှတ်ချက်စကားများကြောင့် စိတ်ဓာတ်ခွန်အား တက်ကြွလာကြသူ လူအုပ်ကြီးက မြို့တော် ဝါရှင်တန်ဒီစီရှိ "ကက်ပ်တိုဟေးလ်" ဟု အမည်တွင်လေသော "လွှတ်တော်တောင်ကုန်း" တည်ရာသို့ အပြေးစုဝေးချီတက်ခဲ့ကြပြီးသော် လွှတ်တော်အဆောက်အအုံကို နာရီအတန်ကြာမျှ သိမ်းပိုက်ခဲ့ကြ၏။

"နှာခေါင်းကျည်ပွေ့တွေ့" ဘိသို့ (နှာနုကို ကျည်ပွေ့ဖြင့် ထိခိုက်မိသည်ဟူဘိသို့ပင်) ဒီမိုကရေစီ၏ "အင်စတီကျူးရှင်းကြီး" တစ်ခု(ဝါ) အကိုင်းအခက်ကြီးတစ်ခုမှာ တစ်မုဟုတ်ချင်း လေပြင်းမုန်တိုင်း တိုက်ခတ်ခံရဘိအလား ယိမ်းထိုးသွားရ၏။

"ဆင်ပြောင်ကြီး အမြီးကျမှတစ်" ဖြစ်ရလေခြင်းဟု ကျွန်ုပ် တိုးတိုးညင်သာ ရေရွတ်မိရင်း ထရမ့်၏ "ဇာတ်သိမ်းခန်း" အရုပ်ဆိုး၊ အကျည်းတန်ဖြစ်ရလေပြီဟု တွေးတောဆင်ခြင်မိ၏။

အမေရိကန်၏ "သမ္မာရင့်" ဒီမိုကရေစီ "လ ငပုပ်ဖမ်း" ခံရဘိအလား အသရေညှိုးငယ်ရသော ဖြစ်စဉ်အဖြစ် နောင်လာနောက်သားများ၏လက်ညှိုးထိုးကဲ့ရဲ့ ပြစ်တင်စရာ ဖြစ်ကောင်းဖြစ်လာနိုင်သည်ဟု တွေးဆရ၏။

ကွန်ဂရက်လွှတ်တော်၏ လွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေးတွင် ဂျိုးဘိုင်ဒင်အား ရွေးကောက်ပွဲအောင်နိုင်သူအဖြစ် အတည်ပြုရန်ရှိနေစဉ် လွှတ်တော်အဆောက်အအုံကို ဆန္ဒပြသူ လူအုပ်ကြီးက "နွားသိုးကြိုးပြတ်" ပမာ ဝရုန်းသုန်းကား ဝင်ရောက်လာခဲ့ကြသည်။ ဤတွင် လွှတ်တော်လုံခြုံရေးတာဝန်ယူထားရသူ ရဲတပ်ဖွဲ့ဝင်များက အမတ်မင်းများနှင့် လွှတ်တော်ရုံးဝန်ထမ်းများကို ဘေးကင်းရာသို့ ချက်ချင်းရွှေ့ပြောင်းပေးခဲ့ကြရသည်။ လွှတ်တော်အဆောက်အအုံကို ချက်ချင်းလက်ငင်း "လော့ဒေါင်း" ချလိုက်ရပြီး အရေးပေါ်လုံခြုံရေးအစီအမံများကို ဖုတ်ပူမီးတိုက် လုပ်ဆောင်ခဲ့ကြရသည်။

လွန်လေပြီးသော ရွေးကောက်ပွဲကြီးတွင် မသမာမှုများ တစ်ပြုံတစ်ခေါင်းကြီး ရှိခဲ့ပါသည်ဟူ၍ သမ္မတ ဒေါ်နယ်ထရမ့်က ရက်သတ္တပတ်ပေါင်းအတန်ကြာမျှ မနေမနား စွပ်စွဲပြစ်တင်စကား ဆိုခဲ့ပြီးနောက်

PHOTO CREDIT: Eric Lee / Bloombery via Getty Images

ရွေးကောက်ပွဲရလဒ် ကပြောင်းကပြန်ဖြစ်စေရေး နောက်ဆုံးကြိုးပမ်းချက်အဖြစ် ထရမ့်၏ ဘက်တော်သားများက ဇန်နဝါရီလ ၆ ရက်တွင် အိမ်ဖြူတော် တောင်ဘက်ပန်းခြံ၌ စုဝေးကြလျက် "အမေရိကကို ကယ်တင်ပါ" ဟု အမည်ပေးထားသော နိုင်ငံရေးလူထုစည်းဝေးပွဲကို ပြုလုပ်ခဲ့ကြ၏။

အဆိုပါ လူထုစည်းဝေးပွဲတွင် သမ္မတထရမ့်၊ နယူးယောက်မြို့တော်ဝန် ဂူလီယာနီနှင့် ရီပတ်ဘလီကန် အမတ်အချို့တို့က နိုင်ငံရေးတက်ကြွလှုပ်ရှားသူ လူအုပ်ကြီးကို မိန့်ခွန်းပြောကြားခဲ့ကြသည်။

အင်အားသုံးချီတက်လာကြ

"နိုင်ငံရေးအာဏာ"ကို ရီပတ်ဘလီကန်တို့ ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ရေကုန်ရေခန်း တိုက်ပွဲဝင်ကြရန် သူတို့ တိုက်တွန်းနှိုးဆော်ခဲ့ကြသည်ဟု သတင်းများအရ သိရလေသည်။ "ကက်ပ်တိုဟေးလ်" လွှတ်တော် ကုန်းမြေကိုစီးရန် လူစုလူဝေးဖြင့် အင်အားသုံးချီတက်လာကြသော် လွှတ်တော်လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များမှာ "မျက်ကလူးဆန်ပျာ" ဗျာများသွားခဲ့ကြရ၏။ ရုန်းရင်းဆန်ခတ်ဖြစ်ချိန်အတွင်း "လေတပ်" ဝန်ထမ်းဟောင်း အမျိုးသမီးတစ်ဦး ကျည်သင့်ခဲ့ရပြီး အသက်ဆုံးပါးခဲ့ရ၏။ လွှတ်တော်တောင်ကုန်းအနီးအပါးတွင်လည်း အခြားလူသုံးဦး(မ ၁၊ ကျား ၂) သေစေလောက်သော ဒဏ်ရာများရရှိခဲ့ကြပြီး နောက်ပိုင်းတွင် သေဆုံးသွားခဲ့ကြရ၏။ အဓိကရုဏ်းနှိမ်နင်းရေး ရဲအရာရှိတစ်ဦးမှာလည်း မီးသတ်ဆေးဘူးဖြင့် တိုက်ခိုက်မှုကို တွေ့ကြုံရကာ ကျဆုံးခဲ့ရ၏။ စာရင်းချုပ်သော် လွှတ်တော်အဆောက်အအုံဝင်စီးခံရမှု အရေးအခင်းတွင် လူငါးဦး သွေးမြေကျခဲ့ရ၏။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ မဲပြားများကို လုပ်ထုံးလုပ်နည်းနှင့်အညီ လွှတ်တော်နှစ်ရပ်၏ အမတ်မင်းများ ရှေ့မှောက်၌ ရေတွက်နေသည့် လုပ်ငန်းစဉ်မှာ ပွဲပျက်ခဲ့ရသည်။

သို့ဖြစ်လင့်ကစား အဓိကရုဏ်းဖြစ်မှု ပြန်လည်ငြိမ်သက်လေသော် မဲရေတွက်မှုကို ဒေသစံတော်ချိန် ည ၈ နာရီတွင် ပြန်လည်ပြုလုပ်နိုင်ပြီး နောက်တစ်နေ့ နံနက်ခင်းရောက်ချိန်တွင် သမ္မတရွေးချယ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်ကို အပြီးသတ်အောင် လုပ်ကိုင်နိုင်ခဲ့ကြလေသည်။

"ပျားတစ်စက်ကြောင့်၊ ပြည်ပျက်သောဟူ၊ ထုံးတစ်မူလည်း၊ မှတ်ယူမယွင်း၊ နှလုံးသွင်းလော့" ဟူသော မဃဒေဝလင်္ကာ တစ်ပိုင်းတစ်စကို ကျွန်ုပ် ပြန်လည်သတိရမိရင်း "ကက်ပ်တိုဟေးလ်" အရေးအခင်း၏ အကျိုးသက်ရောက်မှုများ အသို့ရှိလာနိုင်သည်ကို စေ့ငုလိုမိ၏။

ထိုအရေးအခင်းသည် ဒုတိယသမ္မတ မိုက်ပင့်စ်၏ ကြေညာချက်အပြီး မကြာမတင်တွင် ပေါ်ပေါက်လာခဲ့သည်ဆို၏။ မိမိသည် ဂျိုးဘိုင်ဒင် အောင်ပွဲခံမှုကို ထောက်ခံချက်ပေးမည့် အမတ်မင်းများ၏ လုပ်ငန်းစဉ်ကို ကြားဝင်နှောင့်ယှက်မည်မဟုတ်ဟု မိုက်ပင့်စ်က ဆိုခဲ့၏။ ရွေးကောက်ပွဲ မသမာမှုတစ်ပုံတစ်ပင်ရှိခဲ့သည်ဟူ၍ အစဉ်တစိုက် ကြုံးဝါးလာခဲ့သူ ထရမ့်သည် မိုက်ပင့်စ်၏ ကြေညာချက်နှင့်ပတ်သက်၍ ဝေဖန်ခဲ့သေး၏။

"ကက်ပ်တိုဟေးလ်"တောင်ကုန်းတစ်ခွင် "ရှုပ်ကုန်ပြီ" ဟု အာမေဍိတ် တရလောက်အောင်ပင် ဝရုန်းသုန်းကားမှုများ ဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများ လွှင့်ထူလာသော အလံများ တဖျပ်ဖျပ်လွန့်လူးနေစဉ်မှာပင် မျက်ရည်ယိုဗုံးနှင့် မီးခိုးဗုံး အခိုးအငွေ့များ လွင့်ပျံ့နေခဲ့ပြီး ကသောင်းကနင်းမြင်ကွင်းကို ရုပ်ရှင်ပိတ်ကားပြင်ပေါ် ရှုစားနေကြရဘိအလား ပြည်သူတို့ စိုးထိတ်ဗျာပါ ဖြစ်ခဲ့ကြရသည်။

"ဥပဒေပြုရာ မြေမြတ်မဟာ" ပိုင်နက်အတွင်းသို့ အဓမ္မဝင်ရောက်လာမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းချုပ်နိုင်ရန် ဖုတ်ပူမီးတိုက်ကြိုးပမ်းခဲ့ကြရသည်။ စာရင်းချုပ်သော် အဓိကရုဏ်းဖန်တီးသူ ၅၂ ဦးကို ထိန်းသိမ်းခဲ့ရသည်။ ယင်းအနက် ၂၆ ဦးမှာ "ကက်ပ်တိုဟေးလ်" ပိုင်နက်အတွင်း ထိန်းသိမ်းခြင်းဖြစ်သည်။

ထိုအရေးအခင်းတွင် ရဲတပ်ဖွဲ့ဝင် ၁၄ ဦး ဒဏ်ရာရရှိခဲ့ရသည်။ မကြုံစဖူး ထူးထူးကဲကဲဖြစ်စဉ်ကြောင့် ဝါရှင်တန်ဒီစီမြို့တော်ဝန်က ကာဖျူး(ဝါ) နေဝင်မီးငြိမ်းအမိန့်ကို ကတိုက်ကရိုက် ထုတ်ပြန်ခဲ့ရသေးသည်။

ရှာဖွေတွေ့ရှိ

လွှတ်တော်တောင်ကုန်းအနီးတွင် "ပိုက်ဗုံး" နှစ်လုံးကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက အသုံးပြုဖွယ်ရာရှိသော လက်နက်ဖြစ်တန်ရာ၏။ ယင်းတောင်ကုန်းနယ်မြေအတွင်း ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ ပြောင်းရှည်သေနတ်တစ်လက်၊ "မိုလိုတော့ ကောက်တေး"(ဝါ) ဓာတ်ဆီပုလင်းဗုံးတို့ကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိသိမ်းဆည်းခဲ့ကြရ၏။

ဆန္ဒပြသူများက လွှတ်တော်တောင်ကုန်းအား ဝင်စီးမှုကို သမ္မတထရမ့်၏ တုံ့ပြန်ပုံမှာ နှေးကွေးသည်ဟု ဝေဖန်ချက်များ ပေါ်ထွက်ခဲ့သည်။ နောက်ဆုံးတွင် ထရမ့်က အဓိကရုဏ်းဖန်တီးသူများကို ရပ်တန်းက ရပ်စေရန် "ကြီးမြတ်လှသော မျိုးချစ်ပုဂ္ဂိုလ်များ" "ငြိမ်းငြိမ်းချမ်းချမ်း အိမ်ပြန်ကြပါတော့" ဟု သတင်းစကားပါးခဲ့သည်။

ရွေးကောက်ပွဲတွင် မသမာမှုများ တသီတတန်းရှိခဲ့သည်ဆိုသော ထရမ့်၏ အကျောက်အကန် ပြောဆိုမှုသည် လွှတ်တော်တောင်ကုန်းကို ဆန္ဒပြသူများ ဝင်စီးသည်အထိ လှုံ့ဆော်ရာရောက်ခဲ့သလောဟု ယခုအခါတွင် တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများက ပြန်ပြောင်းသုံးသပ်လျက်ရှိသည်ဟု ကျွန်ုပ်သိရှိရ၏။

သမ္မတဒေါ်နယ်ထရမ့် ရာထူးသက်တမ်းကုန်ဆုံးရန် ရက်သတ္တနှစ်ပတ်မျှသာ ကျန်ရှိတော့ချိန်တွင် ဖိအားပေးမှုများ အရှိန်အဟုန်မြင့်တက်လာခဲ့ပြီး သူ၏ အစိုးရအဖွဲ့မှ ဝန်ကြီး၊ ဝန်ကလေး အများအပြား ရာထူးမှ နုတ်ထွက်ခဲ့ကြသည်။ ထိုအခါတွင် ထရမ့်က "စနစ်တကျ အာဏာလွှဲပြောင်းပေးအပ်မှု ဖြစ်ပေါ်ရပါစေမည်" ဟူ၍ ကြေညာချက်ထုတ်ဆင့်ခဲ့သည်။

သမိုင်းအမြင်နှင့် နှိုင်းယှဉ်ကြည့်ပါမူ တိုင်းပြည်ပျက်သည့်နှယ် လွှတ်တော်တောင်ကုန်း အစီးခံရခြင်းမှာ ၁၈၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်၏။

"ဗြိတိသျှတပ်မတော်" (ဝါ) British Army သည် "၁၈၁၂ ခုနှစ် စစ်ပွဲ" အတွင်း ဝါရှင်တန်ကို မီးလောင်တိုက်သွင်းခဲ့သော သမိုင်းဝင်အထင်ကရဖြစ်စဉ်ကို ပြန်ပြောင်းသတိရစရာ ဖြစ်ရပြန်ချေသည်။

လွှတ်တော်တောင်ကုန်း အရေးအခင်းနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံရေးခေါင်းဆောင်တို့က ပယ်ပယ်နယ်နယ် ဝေဖန်ရှုတ်ချခဲ့ကြ၏။

"ဆီးနိတ်" အထက်လွှတ်တော်၏ "အများစု" ခေါင်းဆောင် မစ်ချ်မက်ကော်နယ်က "မအောင်မြင်သောပုန်ကန်မှု" ဟူ၍ ဝေဖန်ရှုတ်ချခဲ့ပြီး "ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၅ ကြိမ်မြောက် ပြင်ဆင်ချက်" စည်းမျဉ်းနှင့်အညီ ထရမ့်အား ရာထူးမှ ချက်ချင်းဖယ်ရှားနိုင်ရေး လုပ်ဆောင်ကြရန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီနှင့် အထက်လွှတ်တော် "အနည်းစု" ခေါင်းဆောင် ချပ်ရှူးမားတို့က ဒုတိယသမ္မတ မိုက်ပင့်စ်အား တွန်းတွန်းတိုက်တိုက် နှိုးဆော်ခဲ့သည်။

သမ္မတတစ်ဦးသည် ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းအရ တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိသော် ဒုတိယသမ္မတက ခေတ္တတာဝန်ယူနိုင်ပြီး လွှတ်တော်နှစ်ရပ်ဥက္ကဋ္ဌများက အတည်ပြုလျှင် လက်ရှိသမ္မတကို တာဝန်မှရပ်စဲနိုင်သည်ဆိုသော စည်းမျဉ်းမှာ "၂၅ ကြိမ်မြောက်ပြင်ဆင်ချက်"၏ ဆိုလိုရင်းဖြစ်၏။

ထိုစဉ်အတွင်း သမ္မတထရမ့်အား လွှတ်တော်၌ ဒုတိယမ္ပိ ခုံဖွဲ့စစ်ဆေးမှုပြုလုပ်ရန်လည်း ဆော်ဩသံများ သောသောညံလာသည်။

"နိုင်ငံတော်ပုန်ကန်မှု"၊ "နိုင်ငံတော်အား အကြည်ညိုပျက်စေမှု"၊ "ပြည်တွင်းအကြမ်းဖက်မှု" တို့ကို ကျူးလွန်ရာရောက်သည်ဟု ဝေဖန်မှုများ ပေါ်ထွက်လာပြီး ထရမ့်၏ "အာဏာသိမ်းပွဲလုပ်ရပ်" အဖြစ် နိုင်ငံရေးသုခမိန်များနှင့် သတင်းဌာနအချို့က ဝေဖန်ပြောဆိုကြသည်။

စီမံစိုင်းပြင်းနေ

အဓိကရုဏ်းဖန်တီးခြင်း၊ နိုင်ငံတော်အား အကြည်ညိုပျက်စေအောင် လုပ်ကြံဖန်တီးခြင်းစသည့် စွဲချက်များဖြင့် အရေးယူနိုင်ရန် အမေရိကန်တရားရေးဌာနက စီမံစိုင်းပြင်းနေပြီး အဓိကရုဏ်းမှုတွင် ပါဝင်ပတ်သက်ခဲ့ကြသူများ မည်သူမည်ဝါတို့ဖြစ်သည်ကို အတိအကျဖော်ထုတ်နိုင်ရန် အမေရိကန်ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)က ဆောင်ရွက်နေသည်ဟု ကျွန်ုပ်ကြားသိရပါသည်။

အတ္တကြီးသူတစ်ဦး၏ အရှိုက်ထိုးခံလိုက်ရသော မာန်မာနနှင့် သူ့အား ထောက်ခံသူများ၏ ယမ်းပုံမီးကျပေါက်ကွဲမှုဒေါသလှိုင်းတံပိုးများ ပေါင်းစပ်လေသော် "ကက်ပ်တိုဟေးလ်" တောင်ကုန်း အစီးခံလိုက်ရသော ရလဒ် ပေါ်ထွက်လာသည်ဟူသော ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ်မင်း မစ်ရွန်းနီ၏ မှတ်ချက်စကားကို ကျွန်ုပ် အလေးမူမိရင်း ကာလသမနီရှည်ကြာခဲ့ပြီဖြစ်သော အမေရိကန်ဒီမိုကရေစီ၏ နှလုံးသည်းပွတ်တည်ရာ လွှတ်တော်အရေးအခင်းပေါ်မှ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး "သံဝေဂ"ရယူနိုင်ကြလိမ့်မည်ဟု တွေးတောမိပါသည်။

ဒီမိုကရေစီ တောင့်တင်းခိုင်မာသော ကမ္ဘာ့ဦးသျှောင်နိုင်ငံကြီး၏ ဒီမိုကရေစီသမိုင်းစာမျက်နှာတွင် ဝါရမိတ္တူရက်(ဝါ) ရက်ဆိုးရက်ညံ့ တစ်ရက်ကျရောက်ပြန်ပြီပါတကားဟု ကျွန်ုပ် ဆင်ခြင်မိရင်း ပတ္တမြားတော်ဝင် ဂေါ်မစင်ဟူဘိသို့၊ နှာခေါင်းကျည်ပွေ့တွေ့ဟူဘိသို့၊ နွယ်ပင်အရင်းကို ကိုင်ဆွဲခါလျှင် တစ်စင်လုံး လှုပ်ခါရသည်ဟူဘိသို့ လောကဓမ္မတာဖြစ်ပျက်တတ်ပုံကို နှလုံးမူမိလျက် ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့ပါ အဖွဲ့အနွဲ့တစ်ပိုင်းတစ်စအဖြစ် "နွယ်ခြူးရင်းကိုင် စင်လုံးယိုင်"ဟု ကျူးရင့်မိပါသတည်း။ ။

SOURCE: NEWS AGENCIES

အမေရိကန်ဥပဒေပြုလွှတ်တော်က အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား အတည်ပြုခန့်အပ်ရန် နှောင့်နှေးကြန့်ကြာမည်ကို ဂျိုးဘိုင်ဒင် စိုးရိမ်လျက်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၉
အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က ၎င်းရွေးချယ်ထားသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား အမေရိကန်ဥပဒေပြုလွှတ်တော်က အတည်ပြုခန့်အပ်ရန် နှောင့်နှေးကြန့်ကြာမည်ကို စိုးရိမ်လျက်ရှိကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

အစိုးရအဖွဲ့ဝင်ဝန်ကြီး ၁၅ ဦးကို ကနဦးရွေးချယ်ထားကြောင်းနှင့် အိမ်ဖြူတော်အဆင့်မြင့်တာဝန်ရှိသူများအား အတည်ပြုခန့်အပ်ရန် ၎င်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ယမန်နေ့က ဒယ်လာဝဲလ်ပြည်နယ်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

သို့သော် ဥပဒေပြုလွှတ်တော်တွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အတည်ပြုခန့်အပ်ခြင်းနှင့် ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာမှုများရှိလာမည်ကို စိုးရိမ်ပူပန်မိပါကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၏ နိုင်ငံရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် ၎င်းရွေးချယ်ထားသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား လျင်မြန်စွာ အတည်ပြုပေးရန် ဂျိုးဘိုင်ဒင်က တောင်းဆိုခဲ့သည်။

ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ရန် ဂျိုးဘိုင်ဒင် ရွေးချယ်ထားသည့် ဗိုလ်ချုပ်ကြီးဟောင်း လွိုက်အော်စတင်အား ဥပဒေပြုလွှတ်တော်တွင် အတည်ပြုခန့်အပ်ရန် ကြားနာခြင်းကို ဇန်နဝါရီ ၁၉ ရက်တွင် လုပ်ဆောင်ရမည်ဖြစ်သော်လည်း လက်ရှိအချိန်အထိ ဝန်ကြီးခန့်အပ်မှုအပေါ် ကြားနာခြင်းနှင့်ပတ်သက်ပြီး မည်သည့်အစီအစဉ်ကိုမျှ လုပ်ဆောင်ထားခြင်း မရှိသေးကြောင်း သိရသည်။

ဂျိုးဘိုင်ဒင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည့် ဇန်နဝါရီ ၂၀ ရက်အထိတိုင် သူ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဥပဒေပြုလွှတ်တော်က အတည်ပြုခန့်အပ်နိုင်ဖွယ်မရှိနိုင်သေးကြောင်း အမေရိကန်မီဒီယာများက သတင်းဖော်ပြကြ သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

အင်ဒိုနီးရှားနိုင်ငံ ဆရီဝီဂျာယာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ပျောက်ဆုံး

ဂျကာတာ ဇန်နဝါရီ ၉
အင်ဒိုနီးရှားနိုင်ငံ ဆရီဝီဂျာယာလေကြောင်းလိုင်းမှ ခရီးသည် ၆၀ ကျော် တင်ဆောင်လာသော ဘိုးရင်း-၇၃၇အမျိုးအစားလေယာဉ်တစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဆူကာနိုဟာတာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အနောက်ဘက် ကာလီမန်တန်ပြည်နယ် ပုန်တန်နက်မြို့သို့ ထွက်ခွာပြီးနောက် မကြာမီအချိန်တွင် အဆက်အသွယ်ပြတ်သွားခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

အဆိုပါ လေယာဉ်သည် အမြင့် ပေ ၁၁၀၀၀ အရောက်တွင် လေဆိပ်နှင့် အဆက်အသွယ် ပြတ်တောက်သွားကြောင်း ဖလိုက်ရေဒါ ၂၄ ဝက်ဘ်ဆိုက်၏ပြောကြားချက်အရ သိရသည်။ အဆိုပါလေယာဉ်၏ ပျက်ကျရာမှ ထွက်ပေါ်လာသော အစိတ်အပိုင်းဟု ယူဆရသောအရာများကို ရုပ်မြင်သံကြားနှင့် ဆိုရှယ်မီဒီယာများတွင် ထုတ်လွှင့်ပြသခဲ့သည်။ အဆိုပါ လေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် လေဆိပ်နှင့် နောက်ဆုံး အဆက်အသွယ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်မှ အစိတ်အပိုင်းဟု ယူဆရသော အရာဝတ္ထုများကို ၎င်းတို့တွေ့ရှိခဲ့သည်ဟု လေယာဉ်ပျောက်ဆုံးသွားသောနေရာရှိ ဒေသခံများက ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ခရီးသည်များ အားရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်လျက်ရှိကြောင်း အင်ဒိုနီးရှားပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါလေယာဉ်သည် ဘိုးရင်း-၇၃၇-၅၀၀ အမျိုးအစားဖြစ်ကြောင်းနှင့် ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်သည့် လိုအပ်သော အချက်အလက်များကို ရှာဖွေစုဆောင်းလျက်ရှိကြောင်း ဆရီဝီဂျာယာလေကြောင်းလိုင်းက ပြောကြားသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းကလည်း အင်ဒိုနီးရှား လိုင်းရင်းအဲ လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဂျကာတာ လေဆိပ်မှ ထွက်ခွာခဲ့ပြီးနောက် ပင်လယ်အတွင်းသို့ ပျက်ကျခဲ့ရာ ခရီးသည် ၁၈၉ ဦး သေဆုံးခဲ့သည်။ အင်ဒိုနီးရှား လိုင်းရင်းအဲလေကြောင်းလိုင်းများရှိ လေယာဉ်များတွင် ခရီးသည်အများ အပြားတင်ဆောင်ခြင်း၊ လေကြောင်းပျံသန်းရေးဆိုင်ရာ အရင်းအမြစ်များ ခေတ်မမီတော့ခြင်းနှင့် ပျံသန်းမှုအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစံချိန် သတ်မှတ်ချက်များ ပြည့်မီမှုမရှိခြင်းတို့ကြောင့် လေယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်။

ကိုးကား-ဘီဘီစီ
ဘာသာပြန်-စိုးသူရ

စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ခြင်းမပြုပါက အိုင်အေအီးအေတာဝန်ရှိသူများအား နိုင်ငံအတွင်းမှ နှင်ထုတ်မည်ဟု အီရန်ပြောကြား

တီဟီရန် ဇန်နဝါရီ ၉
အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖေဖော်ဝါရီ ၂၁ ရက်မတိုင်မီ ပြန်လည်ဖြေလျှော့ပေးခြင်းမရှိပါက နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)မှ တာဝန်ရှိသူများအား အီရန်နိုင်ငံမှ နှင်ထုတ်သွားမည်ဖြစ်ကြောင်း အီရန်ဥပဒေပြုအမတ်တစ်ဦးက ယနေ့ ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ စီးပွားရေးကဏ္ဍများအပါအဝင် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ရေနံရောင်းဝယ်ခြင်းစသည့် နယ်ပယ်များတွင် ပိတ်ပင်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားစေလိုကြောင်းနှင့် အကယ်၍ အမေရိကန်နိုင်ငံအနေဖြင့် အဆိုပါချမှတ်ထားမှုများကို ဖေဖော်ဝါရီ ၂၁ ရက်မတိုင်မီ ပြန်လည်ဖြေလျှော့ပေးခြင်းမရှိပါက အိုင်အေအီးအေ တာဝန်ရှိသူများအား နိုင်ငံအတွင်းမှ နှင်ထုတ်သွားမည်ဖြစ်ကြောင်း အီရန်လွှတ်တော်၏ သဘာပတိအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဥပဒေပြုအမတ် အာမက် အာမီရာဘာဒီ ဖာရာဟာနီက ပြောကြားခဲ့သည်။

ထို့ပြင် အိုင်အေအီးအေ၏ နောက်ထပ်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွင်လည်း အီရန်နိုင်ငံအနေဖြင့် ပါဝင်ပတ်သက်မှုရှိမည်မဟုတ်တော့ကြောင်း ဖာရာဟာနီက ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီစာချုပ်၏ အဓိကရည်ရွယ်ချက်သည် အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားရန်ဖြစ်ကြောင်းနှင့် အကယ်၍ စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ခြင်းမရှိပါက အီရန်နိုင်ငံအနေဖြင့် စာချုပ်ပါ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်မည်မဟုတ်တော့ကြောင်း ၎င်းက ဆိုသည်။

အီရန်နိုင်ငံသည် ယူရေနီယံသတ္တု ၂၀ ရာခိုင်နှုန်း ရှာဖွေစုဆောင်းထားကြောင်း ဇန်နဝါရီ ၄ ရက်တွင် ကြေညာခဲ့သည်။ ယင်းသို့ စုဆောင်းထားခြင်းသည် ဒီဇင်ဘာလအတွင်း အီရန်လွှတ်တော်က အတည်ပြုခဲ့သည့် စီးပွားရေးပိတ်ဆို့မှုချမှတ်ခြင်းကို တုံ့ပြန်သည့် မဟာဗျူဟာအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ယမန်နှစ် ဒီဇင်ဘာလအတွင်း အလုပ်အကိုင် ၁၄၀၀၀၀ ခန့် ဆုံးရှုံးခဲ့ရ

ဝါရှင်တန် ဇန်နဝါရီ ၉
အမေရိကန်အလုပ်ရှင်များသည် ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်မားလာမှုကြောင့် အလုပ်အကိုင်ပေါင်း ၁၄၀၀၀၀ ခန့်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက သိသိသာသာ လျှော့ချလိုက်ကြောင်း အမေရိကန်အလုပ်သမားဦးစီးဌာန က ယနေ့ပြောကြားသည်။

အမေရိကန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် စားသောက်ဆိုင်များ၌ အလုပ်အကိုင်ပေါင်း ၃၇၂၀၀၀ ခန့်နှင့် အားလပ်ရက်အပန်းဖြေခရီးသွားလုပ်ငန်းများတွင် အလုပ်အကိုင်ပေါင်း ၄၉၈၀၀၀ ခန့်တို့ ဆုံးရှုံးခဲ့ကြောင်း အလုပ်သမားစာရင်းအင်းဗျူရိုက ဖော်ပြထားသည်။ အမေရိကန်တွင် အားလပ်ရက်အပန်းဖြေခရီးသွားလုပ်ငန်းတွင် ယမန်နှစ် ဖေဖော်ဝါရီလမှစ၍ အလုပ်အကိုင်ပေါင်း ၃ ဒသမ ၉ သန်းခန့်ဆုံးရှုံးခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၃ ဒသမ ၂ ရာခိုင်နှုန်းခန့်ရှိသည်။

ထို့အတူ အမေရိကန်ပုဂ္ဂလိက ပညာရေးကဏ္ဍတွင် ယမန်နှစ် ဖေဖော်ဝါရီလမှစ၍ ဒီဇင်ဘာလအထိ အလုပ် အကိုင်ပေါင်း ၆၃၀၀၀ ခန့်ဆုံးရှုံးခဲ့သလို စက်မှုလက်မှုကဏ္ဍတွင်လည်း အလုပ်အကိုင်ပေါင်း ၄၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ထို့ပြင် ယမန်နှစ် ဒီဇင်ဘာလက အစိုးရကဏ္ဍများတွင် အလုပ်အကိုင်ပေါင်း ၄၅၀၀၀ ခန့် ဆုံးရှုံးခဲ့ရာ ယမန်နှစ် ဖေဖော်ဝါရီလမှစ၍ အမေရိကန်တွင် အစိုးရအလုပ်အကိုင်ပေါင်း ၁ ဒသမ ၃ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယမန်နှစ် မတ်လနှင့် ဧပြီလက အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရန် အသွားအလာကန့်သတ်မှု တင်းကျပ်စွာ ချမှတ်ခဲ့ပြီးနောက် ပြည်သူ ၂၂ သန်းခန့် အလုပ်အကိုင် ဆုံးရှုံးခဲ့သည်။ အမေရိကန်တွင် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း အလုပ်လက်မဲ့ဦးရေ ၁၀ ဒသမ ၇ သန်းခန့်ရှိရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမတိုင်မီ ယမန်နှစ် ဖေဖော်ဝါရီလထက် ငါးသန်းခန့်ပိုမိုများပြားကြောင်း နောက်ဆုံးအချက်အလက်များအရ သိရသည်။

မည်သို့ပင်ဆိုစေကာမူ လက်ရှိအချိန်တွင် အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု

ဆက်လက်မြင့်တက်နေဆဲဖြစ်သည့်အတွက် လာမည့်လအနည်းငယ်အတွင်း အလုပ်အကိုင်ဈေးကွက်တွင် အလုပ်လက်မဲ့ဦးရေများ ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဝေမှုအစီအစဉ် မကြာမီစတင်တော့မည်

ဂျီနီဗာ ဇန်နဝါရီ ၉

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဝေမှုအစီအစဉ် COVAX အရ ကာကွယ်ဆေး နှစ်ဘီလီယံခန့် ရရှိထားပြီဖြစ်ရာ အဖွဲ့ဝင်နိုင်ငံများသို့ မကြာမီဖြန့်ချိပေးတော့မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရိုစ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဖွဲ့ဝင်နိုင်ငံတွေကို ကာကွယ်ဆေးတွေ ဖြန့်ချိပေးဖို့ ကျွန်တော်တို့ COVAX အစီအစဉ်ကတော့ အဆင်သင့်ဖြစ်နေပါပြီဟု ဂါဘရီယီဆက်စ်က ယမန်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

COVAX အစီအစဉ်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အဖွဲ့ဝင်နိုင်ငံများအား မျှတစွာဖြန့်ချိပေးရန် ရည်ရွယ်လျက်ရှိကြောင်း၊ ထိရောက်မှုရှိပြီး ဘေးအန္တရာယ်ကင်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ဘီလီယံကို ရရှိထားပြီဖြစ်ကြောင်းနှင့် မကြာမီဖြန့်ချိသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကာကွယ်ဆေးများ ဖြန့်ချိရာတွင်လည်း နိုင်ငံများအား ဆင်းရဲချမ်းသာမရွေး အားလုံး တန်းတူညီမျှစွာ ဖြန့်ချိပေးမည်ဖြစ်ကြောင်း ဂါဘရီယီဆက်စ်က အလေးပေးပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံ ၄၂ နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ၎င်းတို့ပြည်သူများအား ထိုးနှံပေးလျက်ရှိသည်။ ယင်းနိုင်ငံများအနက် ၃၆ နိုင်ငံသည် ချမ်းသာသည့်နိုင်ငံများဖြစ်ပြီး ကျန်ခြောက်နိုင်ငံသည် ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံများဖြစ်သည်။ ဝင်ငွေနိမ့်ပါးသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော အချို့နိုင်ငံများသည် ယခုအချိန်အထိ ကာကွယ်ဆေးမရရှိသေးကြောင်း ဂါဘရီယီဆက်စ်က ဆိုသည်။

ထို့ပြင် ချမ်းသာသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံအချို့သည် COVAX အစီအစဉ်တွင် ပါဝင်သည့်အပြင် ၎င်းတို့အနေဖြင့် ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပမာဏ အများအပြားကို ဝယ်ယူထားသည်ကိုလည်း တွေ့ရှိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မိမိတစ်နိုင်ငံတည်းအတွက် ဦးစားပေးဝယ်ယူမှုသည် အခြားဝင်ငွေနည်းပါးသော နိုင်ငံများအတွက် များစွာထိခိုက်မှုရှိစေကြောင်းနှင့် အဆိုပါနိုင်ငံများအနေဖြင့် လိုအပ်သည်ထက်ပိုမိုဝယ်ယူခြင်းမပြုဘဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်အတွက် လှူဒါန်းကြရန် ဂါဘရီယီဆက်စ်က တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ဆေးဝါးကုမ္ပဏီများနှင့် ကာကွယ်ဆေးဝယ်ယူရေး စာချုပ်ချုပ်ဆိုခြင်းများကိုလည်း ယခုအချိန်တွင် ရပ်တန့်သင့်ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

ဆော်ဒီအာရေဗျဘုရင် ဆော်လ်မန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူ

ရီယဒ် ဇန်နဝါရီ ၉

ဆော်ဒီအာရေဗျနိုင်ငံက အဆင့် သုံးဆင့်ပါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင်ပြီး ရက်သတ္တသုံးပတ်ကျော်အကြာတွင် ဆော်ဒီအာရေဗျဘုရင် ဆော်လ်မန်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခံခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့သည်။

အသက် ၈၅ နှစ်အရွယ် ဘုရင် ဆော်လ်မန်က ပင်လယ်နီဆိပ်ကမ်းမြို့ နီအွမ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ပြောကြားသည်။ ဘုရင် ဆော်လ်မန် ဗိုင်းရပ်စ်ကာကွယ်ဆေးထိုးနှံမှုခံယူနေသည့် ရုပ်ပုံနှင့် ရုပ်သံဖိုင်များကို အဆိုပါသတင်းဌာနက ဖော်ပြခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံက Pfizer-BioNTech ကာကွယ်ဆေး ပထမအသုတ်ရရှိပြီးနောက် ဒီဇင်ဘာ ၁၇ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင်ခဲ့သည်။

အဆိုပါ အစီအစဉ်တွင် အဆင့် သုံးဆင့်ပါဝင်ပြီး အသက် ၆၅ နှစ်အထက် ပြည်သူများနှင့် ရောဂါအခံရှိသူများကို ကာကွယ်ဆေး အရင်ထိုးနှံပေးမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဒုတိယအဆင့်တွင် အသက် ၅၀ နှစ်အထက်ပြည်သူများ၊ နောက်ဆုံးအဆင့်တွင် ပြည်သူတိုင်းကို ထိုးနှံပေးမည်ဖြစ်ပြီး ကာကွယ်ဆေးက နိုင်ငံသားနှင့် နိုင်ငံတွင်းနေထိုင်သူများအတွက် အခမဲ့ဖြစ်မည်ဟု ၎င်းဝန်ကြီးဌာနက ဆိုသည်။

လူဦးရေ ၃၄ သန်းကျော်ရှိသော ဆော်ဒီအာရေဗျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၃၀၀၀ ကျော်နှင့် သေဆုံးသူ ၆၀၀၀ ကျော်ရှိရာ ပင်လယ်ကွေ့ အာရပ်တိုင်းပြည်များ၌ သေဆုံးမှုနှုန်း အမြင့်မားဆုံးဖြစ်သည်။

ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ကျော်ထိုက်စိုး

အမေရိကန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၀၀၀ နီးပါးဖြင့် နေ့စဉ်ကူးစက်မှု စံချိန်တင်

ဝါရှင်တန် ဇန်နဝါရီ ၉

အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၀၀၀ နီးပါး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ယနေ့အထိ နေ့စဉ်ကူးစက်မှုအများဆုံးဖြင့် စံချိန်တင်ခဲ့ကြောင်း ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့အပြင် အမေရိကန်တွင် အလားတူကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၆၇၆ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် ယခုအခါ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် အများဆုံးထိခိုက်လျက်ရှိသည့်နိုင်ငံ ဖြစ်လာခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၂၄၇၀၁၅၇ ဦးရှိပြီး ၎င်းတို့အနက် ၃၇၈၃၀၃ ဦးမှာ ထိုရောဂါကြောင့် သေဆုံးခဲ့ရသည်။ ထို့အပြင် အမေရိကန်ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါဖြင့် လတ်တလော ဆေးဝါးကုသမှုခံယူနေသူ ၁၃၁၀၀၀ ကျော်ရှိကြောင်း အမေရိကန် ကိုဗစ်-၁၉ ရောဂါ နှိမ်နင်းရေးအဖွဲ့က ပြောကြားသည်။

ကမ္ဘာ့စီးပွားရေးအင်အား အကြီးမားဆုံးဖြစ်သော အမေရိကန်ပြည်ထောင်စုသည် ပြည်တွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု အဆုံးသတ်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလလယ်ပိုင်းမှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အစုလိုက်အပြုံလိုက်ထိုးနှံမှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့သော် လူဦးရေသန်းပေါင်း ၃၃၀ ခန့်ရှိသည့် အမေရိကန်ပြည်ထောင်စုတွင် လူဦးရေခြောက်သန်းအောက်သာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုကို လက်ခံရရှိခဲ့ရာ အမေရိကန်အစိုးရသည် ကိုဗစ်ကာကွယ်ဆေး ထိုးနှံမှုနယ်ပယ်တွင် နောက်ကျကျန်နေကြောင်း သိရသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ဂျေတီ

ပြည်သူများကို ဗိုင်းရပ်စ်ကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်ဟု တရုတ်အစိုးရ ပြောကြား

ပေကျင်း ဇန်နဝါရီ ၉

တရုတ်နိုင်ငံအနေဖြင့် ပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်ဟု တာဝန်ရှိသူများက ယနေ့ ပြောကြားလိုက်သည်။

ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးအတွက် ကုန်ကျစရိတ်များရှိသော်လည်း အစိုးရက ပြည်သူတိုင်းကို ကာကွယ်ဆေး အခမဲ့ပေးနိုင်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်မှ တာဝန်ရှိသူ ကျန်ကျောင်ဝေက ပြောသည်။ "ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးအတွက် ငွေကြေးတစ်စုံတစ်ရာ ပေးစရာမလိုပါဘူး" ဟု ၎င်းက ပေကျင်းမြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။ တရုတ်နိုင်ငံက ဒီဇင်ဘာလကုန်တွင် ပြည်သူလူထုအသုံးပြုရန် ပထမဆုံး ကာကွယ်ဆေးကို အတည်ပြုခဲ့သည်။

ကျန်းမာရေးလုပ်သားများအပါအဝင် ရောဂါကူးစက်နိုင်ခြေမြင့်မားသူများကို အရေးပေါ်အသုံးပြုရေး အစီအစဉ်တစ်ခုအရ ကာကွယ်ဆေးသုံးမျိုး ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ ဆောင်းရာသီနှင့် နွေဦးရာသီတွင် ဗိုင်းရပ်စ်ကူးစက်မှု ပြန်လည်မြင့်တက်လာမှု တားဆီးမည့် ကြိုးပမ်းမှုတစ်ခုအဖြစ် အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများရှိ လုပ်သားများကဲ့သို့ အရေးပါသောအုပ်စုများအတွက် တရုတ်နိုင်ငံက ဒီဇင်ဘာလလယ်တွင် ကာကွယ်ဆေးထိုးနှံမှု ဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ကိုးသန်းကျော် ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေး ခုနစ်သန်းကျော်ကို ဒီဇင်ဘာလနှောင်းပိုင်းတွင် ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်မှ တာဝန်ရှိသူ ကျန်ယီဇင်က ပြောသည်။

ကိုးကား – စထရိတ်တိုင်းမ်
ဘာသာပြန် – ကျော်ထိုက်စိုး

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ		
ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၈၉၄၇၉၀၂၁	ဦး
သေဆုံးသူ	၁၉၂၄၅၂၆	ဦး
ပြန်လည်ကျန်းမာလာသူ	၆၄၁၂၉၇၅၄	ဦး

Pfizer- BioNTech ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပံ့ပိုးမှုကို နှစ်ဆတိုးမြှင့်သွားမည်ဟု ဥရောပသမဂ္ဂပြောကြား

ဘရပ်ဆဲလ် ဇန်နဝါရီ ၉

ဥရောပသမဂ္ဂသည် ကမ္ဘာတစ်ဝန်း Pfizer- BioNTech ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပံ့ပိုးမှုကို နှစ်ဆတိုးမြှင့်ရန် အဆိုပါ ဆေးဝါးကုမ္ပဏီများနှင့် သဘောတူညီချက် ရရှိခဲ့ကြောင်း ဥရောပသမဂ္ဂအကြီးအကဲ ဗွန်ဒါလီယန်က ယနေ့ပြောကြားသည်။

မိမိတို့အနေဖြင့် မူလကရရှိထားသော သဘောတူညီချက်ကို ပြင်ဆင်သွားမည်ဖြစ်ပြီး ယခုရရှိသည့် သဘောတူညီချက်အရ Pfizer-BioNTech ဆေးအလုံးရေသန်း ၃၀၀ ကို ထပ်မံရရှိမည်ဖြစ်သဖြင့် ဆေးအလုံးရေ သန်း ၆၀၀ ကို နိုင်ငံများသို့ ဖြန့်ဖြူးပေးသွားနိုင်မည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ ယခုနှစ် ဒုတိယသုံးလပတ်အတွင်း ထပ်မံရရှိမည့် ဆေးအလုံးရေ သန်း ၃၀၀ ကို စတင်ဖြန့်ဖြူးသွားမည်ဟု သိရသည်။

Pfizer-BioNTech မှ ထုတ်လုပ်သည့် ကာကွယ်ဆေး သန်း ၆၀၀ နှင့် Moderna ကာကွယ်ဆေး သန်း ၁၆၀ ကို နိုင်ငံသား သန်း ၃၈၀ အား ထိုးနှံပေးတော့မည်ဖြစ်ကြောင်း ဗွန်ဒါလီယန်က ပြောသည်။ လာမည့် လများအတွင်း ခွင့်ပြုချက်ပေးရန်ရှိ သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ထပ်မံဖြန့်ဖြူးခွင့်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဥရောပသမဂ္ဂအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဖြူးရာတွင် နှောင့်နှေးမှုများရှိနေကြောင်း ဝေဖန်မှုများအပေါ် တုံ့ပြန်ရာတွင် ဥရောပသမဂ္ဂသည် မိမိ၏ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မှန်ကန်သော ဆောင်ရွက်ချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ ဥရောပကော်မရှင်အနေဖြင့် ဥရောပ ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးစင်တာနှင့်ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်မှုများအား စောင့်ကြည့်သွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်နိုင်ရန် ပံ့ပိုးသွားမည်ဟု ၎င်းကပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

လွိုင်လင်မြို့နယ်၌ ဘိန်းစိုက်ခင်း ဧက ၅၀ ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၉

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကို၊ အမှတ်(၂)ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုံးနည်းဗျူဟာမှူး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ အမှတ်(၂)မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး လင်းထွဋ်မြင့်၊ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဇေယျာကျော်၊ အမှတ်(၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးညီညီထွန်းနှင့် လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးကျော်ဟိန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက လွိုင်လင်မြို့နယ် ရီဝင်းကျေးရွာ အရှေ့တောင်ဘက်၌ အမြင့် ၃ ပေနှင့် ၄ ပေခန့်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ဧက ၅၀ အား ဖျက်ဆီးခဲ့သည်။

၂၀၂၀-၂၀၂၁ ခုနှစ် ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်အတွင်း မြို့နယ်အလိုက် ဘိန်းစိုက်ခင်းများ ဖျက်ဆီးလျက်ရှိရာ ယမန်နေ့အထိ ဘိန်းခင်းစုစုပေါင်းဧက ၈၃၉၈ ဒသမ ၆၀ ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

မိုးမိတ်နှင့် ကွတ်ခိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၇ ရက် ည ၈ နာရီ ခွဲတွင် မိုးမိတ်မြို့နယ် မိုးမိတ်-မန်တုံသွားကားလမ်း ညောင်နီကျေးရွာအနီးတွင် ထက်မြတ်ငြိမ်း(ခ)နော်မိုင် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ကို လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၈ ရက် ည ၇ နာရီတွင် ကွတ်ခိုင်မြို့ အမှတ်(၃) ရပ်ကွက်အတွင်း မသင်္ကာဖွယ်တွေ့ရှိသူ မခေါန်မူးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ပဲနွယ်ကုန်းမြို့ ခင်ကြီးကျေးရွာအနီး၌ ယာဉ်တိုက်မှုဖြစ်ပွား

ကျောက်တံခါး ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ခင်ကြီးကျေးရွာအနီးတွင် ယမန်နေ့ ည ၉ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒုရဲအုပ် အောင်ကျော်ဖြိုးနှင့်အဖွဲ့သည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ ရန်ကုန်မှ မန္တလေးသို့ ဌေးလွင် ရွှာမ(၂)လမ်းကညွတ်ကွင်းမြို့ ဖြူးမြို့နယ် နေသူမောင်းနှင်ပြီး နောက်မှ သက်ချို လိုက်ပါလာသည့် ခြောက်ဘီးယာဉ်သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၀၄/၀ နှင့် ၁၀၄/၁အနီးသို့အရောက်တွင် ဝဲဘက်ရှေ့ဘီးကျွတ်ထွက်သွားပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ သန်းဇော် ကင်နားဝင်းရပ်ကွက် မြစ်သားမြို့နယ်နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်အောင် ကလေးကျေးရွာ ကျောက်ဆည်မြို့နယ်နေသူ လိုက်ပါလာသော ၁၈ ဘီးယာဉ်အား တိုက်မိခဲ့သဖြင့် ဌေးလွင်၊ သက်ချို၊ သန်းဇော်နှင့် အောင်အောင်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဌေးလွင်အား ပဲနွယ်ကုန်းနယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၉

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အတွင်း သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပန်းဘဲတိုးချဲ့ကြိုးဝိုင်း၊ ဂျီဟောက်ရွာဟောင်း၊ ခပေါင်းကြိုးဝိုင်း အကွက်အမှတ်(၁၁၃)အတွင်းနေရာများမှ တရားမဝင် ကျွန်း/ပျဉ်းကတိုး/သစ်မကျီး/ကညင်/သဒီ/ဖန်ခါး/သစ်ကဇော်/ဇောင်းပလွေး/နဘဲ/လိန်သစ်/ခွဲသား/ခြမ်း ၂၉ ဒသမ ၄၀၀၈ တန်နှင့် သစ်စက်ဆက်စပ်ပစ္စည်းများအား လည်းကောင်း။

ပန်းတောင်းမြို့နယ် ကျောက်ဖူးကြိုးဝိုင်းနှင့် ဘူးရိုးကြိုးဝိုင်း၊ ကျောက်ဖူးချောင်းတစ်လျှောက် တောတွင်းနယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်း/ပျဉ်းကတိုး/သစ်ရာ/ ဒီးဒူးခွဲသား ၂၂ ဒသမ ၀၂၄၆ တန်နှင့် ၄၅ ပေါင်ဝင် မီးသွေးအိတ် ၅၂၇ အိတ်၊ ချိန်းဆောလေးလက်၊ ဓာတ်ဆီ ၁၅ ဂါလန်၊ သံကြိုးပါလှည်းထမ်းပိုးတုံး ၁၂ ချောင်း၊ လေထိုးသေနတ် တစ်လက်၊ ဒူးလေး တစ်လက်တို့အား သိမ်းဆည်းရမိခဲ့ပြီး တောတွင်းရှိ တရားမဝင်မီးသွေးဖို စုစုပေါင်း ၃၈ ဖိုအား လည်းကောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် စမြင်ကျေးရွာ၏ အရှေ့ဘက်၊ အရှေ့မြောက်ဘက်နေရာများနှင့် ရွာတော်ကျေးရွာ၏ အနောက်ဘက် ၃ မိုင်ခန့်အကွာနေရာတို့၌ တရားမဝင် အင်/သစ်ရာ/သပြေ/ သစ်စေး/သရက်သစ်/ခွဲခြမ်း/ခွဲသား (၃၀ ဒသမ ၂၁၅၈) တန်အားလည်းကောင်း ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေ ဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(သတင်းစဉ်)

ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုပေးအပ်

ပဲခူး ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီးလူမှုဖူလုံရေးရုံး၌ လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးမှုအဖြစ် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ပွဲကို ယမန်နေ့က ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးက တက်ရောက်ပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲတွင် ပဲခူးမြို့နယ်လူမှုဖူလုံရေးရုံး၌ တာဝန်ထမ်းဆောင်ခဲ့သော ဒုတိယဦးစီးမှူး ဒေါ်မေဦးလွင်သည် နေပြည်တော်လူမှုဖူလုံရေးအဖွဲ့ချုပ်မှ ပဲခူးမြို့နယ်လူမှုဖူလုံရေးရုံးသို့ အပြန်ခရီးလမ်းတွင် မတော်တဆထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးခဲ့ခြင်းအတွက် အယူခံခုံရုံးအဖွဲ့၏ ဆုံးဖြတ်ချက်အရ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအဖြစ် သတ်မှတ်ခဲ့ရာ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၁၀၈၀၀၀၀၀ ကို ၎င်း၏ခင်ပွန်းဖြစ်သူ ဦးစိုးလွင်အား ခွင့်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။

ဟိန်းထက်(ပဲခူး)

◆ ရှမ်းယူနိုက်တက်မှ

လူငယ်နည်းပြများကို နေရာပေးလိုသောကြောင့် ယခင်နည်းပြချုပ် ဦးအောင်နိုင်နည်းစနစ်ဒါရိုက်တာအဖြစ် ပြောင်းလဲတာဝန်ပေးကာ လူငယ်နည်းပြဦးဟန်ဝင်းအောင်ကို နည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဦးဟန်ဝင်းအောင်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ကမ္ဘောဇအသင်း (ယခုရှမ်းယူနိုက်တက်)တွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး ကစားသမားဘဝမှ အနားယူပြီးနောက်ပိုင်း ရှမ်းယူနိုက်တက်အသင်းတွင် လက်ထောက်နည်းပြ/အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

ဦးအောင်နိုင်သည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် နှစ်ရာသီဆက် အမှတ်ပေးချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးခဲ့သော်လည်း လူငယ်နည်းပြများကို သင်ကြားပေးရန်အပြင် စီနီယာနှင့်လူငယ်အသင်းများနှင့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများကိုပါ တာဝန်ယူဆောင်ရွက်ရန် အပြောင်းအလဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

မြဝတီမြို့နယ်ရှိ ငါးမွေးကန်များအား ကွင်းဆင်းစစ်ဆေး

မြဝတီ ဇန်နဝါရီ ၉

ကရင်ပြည်နယ်အတွင်း ငါးရိက္ခာများပိုမိုစားသုံးနိုင်ရေးအတွက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်နိုင်ဝင်းနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၈ ရက်တွင် မြဝတီမြို့နယ် ဝေ့ရှမ်းကျေးရွာရှိ KNU/KNLA (PC) စစ်ဗျူဟာ(၁)၏ စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ငါးမွေးမြူရေးကန်များ ပြုပြင်တူးဖော်နိုင်ရေး၊ ငါးမွေးမြူရေးနည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်ရေးအတွက် ငါးမွေးကန်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ငါးစားသုံးခြင်း၏ အကျိုးကျေးဇူးများ

ပင်လယ်ပြာ(ငါးဦးစီး)

ငါးတွင် အဆီပါဝင်မှုနည်းပါးပြီး အသားဓာတ်(Protein) ပါဝင်မှုမြင့်မားသည်။ ထို့ပြင် အိုမီဂါ(သုံး)ဖက်တီးအက်ဆစ် (Omega-3 fatty acid) ရရှိနိုင်သည့် အရင်းအမြစ်ကောင်းတစ်ခုလည်း ဖြစ်သည်။ ငါးကို ပုံမှန်စားသုံးခြင်းဖြင့် ရောဂါအမျိုးမျိုးဖြစ်ပွားမှုကို လျှော့ချပေးနိုင်ပါသည်။

ငါးသည် လူသားတို့အတွက် အလွန်ကောင်းသော အစားအစာတစ်မျိုးဖြစ်သည်။ ဗီတာမင်၊ သတ္တုဓာတ်နှင့် အဆီဓာတ်ကြွယ်ဝသော Omega - 3 acid တို့ပါဝင်နေသောကြောင့် ကင်ဆာရောဂါမှစ၍ နှလုံးရောဂါ၊ စိတ်ကျရောဂါနှင့် အဆစ်ရောင်ရောဂါကဲ့သို့သော ရောဂါများစွာမှ ကာကွယ်ပေးနိုင်ပါသည်။

ဆော်လမွန်ငါးကဲ့သို့သော အဆီများသည့် ငါးများသည် အဆီဓာတ်ကြွယ်ဝသည့် Omega-3 acid ပါဝင်မှုအမြင့်ဆုံးဖြစ်သည်။ ငါးများကို ပုံမှန်စားသုံးခြင်းဖြင့် လူသားတို့အတွက် ကြောက်စရာကောင်းသော ရောဂါများမှ ကာကွယ်ပေးနိုင်ပါသည်။

ဓာတ်ပုံ - ငါးလုပ်ငန်းဦးစီးဌာန

နှလုံးရောဂါ(Heart Disease)

အစားအစာစံချိန်စံနှုန်း ထိန်းသိမ်းရေးအဖွဲ့အစည်း (Food Standard Agency)က လတ်ဆတ်သောငါး၊ အေးခဲထားသော ငါးနှင့် စည်သွတ်ပင်လယ်စာများကို အနည်းဆုံး တစ်ပတ်လျှင် နှစ်ကြိမ်ခန့် စားသုံးပေးရန် အကြံပြုထားသည်။ အင်္ဂလန်နိုင်ငံမှ နှလုံးအထူးကုအဖွဲ့ကြီး (British Heart Foundation)မှလည်း အဆီများသောငါးကို စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ကြောင်းနှင့် ရုတ်တရက် နှလုံးရပ်ခြင်း မဖြစ်စေရန် ကာကွယ်ပေးကြောင်း ပြောကြားထားသည်။

ငါးဆီသည် သွေးခဲခြင်းနှင့် နှလုံးရောဂါဖောက်ပြီးချိန် ဖြစ်လေ့ရှိသော နှလုံးခုန်မမှန်ခြင်းတို့ကို လျှော့ချနိုင်ကြောင်း တွေ့ရှိရသည်။ ငါးကို အပတ်စဉ်စားသုံးခြင်းဖြင့် သွေးခဲခြင်းကို လျှော့ချနိုင်ပြီး သွေးကြောဆန့်နိုင်၊ ကျုံ့နိုင်မှု၊ သွေးဖိအား လျှော့ချပေးခြင်း၊ သွေးတွင်းအဆီလျော့နည်းစေခြင်း၊ ကိုယ်ခန္ဓာအတွက် ကောင်းစေသည့် ကိုလက်စထရော တိုးမြှင့်စေခြင်းကို အားပေးသည်။

အယ်ဇိုင်းမားရောဂါ(Alzheimer's)

အဆီဓာတ်ကြွယ်ဝသော အက်စစ် (Polyunsaturated Fatty Acids)ပါဝင်သော ငါးများစားသုံးခြင်းဖြင့် ဦးနှောက်ဆဲလ်များ ပျက်စီးခြင်းကို ကာကွယ်နိုင်သည်။ ထို့ပြင် သွေးတိုးရောဂါ ဖြစ်ပွားခြင်းကိုလည်း ကာကွယ်နိုင်သည်။ လျှော့ချပေးနိုင်သည်။

ပြင်သစ်နိုင်ငံတွင် လူပေါင်း ၂၀၀၀ ကို စမ်းသပ်ချက်အရ အနည်းဆုံးတစ်ပတ်တစ်ခါ ပင်လယ်စာ စားသောသူများသည် ခုနစ်နှစ်ကြာသောအခါ ပင်လယ်စာ လုံးဝမစားသောလူများထက် သွေးတိုးရောဂါဖြစ်ပွားမှု ထင်ရှားစွာ လျော့ကျကြောင်း တွေ့ရသည်။

ကင်ဆာရောဂါ(Cancer)

ဆွီဒင်နိုင်ငံတွင် လူပေါင်း ၆၀၀၀ကို နှစ် ၃၀ လေ့လာချက်အရ ငါးလုံးဝမစားသူများသည် ငါးစားသုံးသူများထက် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း နှစ်ဆ၊ သုံးဆခန့် ပိုနေကြောင်း တွေ့ရှိရသည်။ ကဏန်းနှင့် ပုစွန်ကဲ့သို့သော အခွံမာများသည် ကင်ဆာရောဂါကာကွယ်ပေးသော စီလီနီယမ် (Selenium)ပါဝင်နေကြောင်း တွေ့ရသည်။

ငါးတွင်ပါဝင်သည့် Omega-3 fatty acid သည် ကင်ဆာရောဂါအများအပြားကို ရာခိုင်နှုန်း ၃၀ မှ ၅၀ အထိ လျှော့ချပေးနိုင်သည်။ အထူးသဖြင့် ခံတွင်း၊ ရင်သား၊ သားဥအိမ်နှင့် မျိုးပွားအင်္ဂါများတွင် ဖြစ်ပွားမှုကို လျှော့ချပေးနိုင်သည်။

စိတ်ကျရောဂါ(Depression)

ငါးစားသုံးခြင်းဖြင့် စိတ်ကျရောဂါကို သက်သာစေနိုင်ကြောင်း တွေ့ရသည်။ ထို့ပြင် ငါးတွင်ပါဝင်သည့် Omega-3 acid ဓာတ်သည် ဉာဏ်ရည်ထက်မြက်စေနိုင်ပါသည်။

အဆစ်ရောင်ရောဂါ (Arthritis)

ငါးများစွာ စားသုံးသောသူများသည် အဆစ်ရောင်ရောဂါဖြစ်ပွားနှုန်း လျော့နည်းကြောင်း တွေ့ရသည်။ လေ့လာမှုအရ အဆီများသော ငါးများသည် အဆစ်ရောင်ရောဂါ၏ လက္ခဏာများကို သက်သာစေရန် အကူအညီပေးကြောင်း တွေ့ရသည်။

ပန်းနာရင်ကျပ် (Asthsma)

ငါးစားသုံးမှုနည်းပါးသော ကလေးငယ်များတွင် ပန်းနာရင်ကျပ်ရောဂါ ပိုမိုဖြစ်ပွားနိုင်ခြေရှိသည်။

ဦးနှောက်နှင့်မျက်စိ (Brain and Eye)

ငါးတွင်ပါဝင်သည့် Omega-3 fatty acid သည် ဦးနှောက်တစ်သျှူးနှင့် မျက်ကြည်လွှာကျန်းမာရေးကို ထောက်ပံ့ပေးသည်။

ဆီးချိုရောဂါ (Diabetes)

ငါးသည် ဆီးချိုရောဂါရှင်များအတွက် သွေးချိုနှုန်းကို ထိန်းညှိပေးနိုင်သည်။

အမြင်အာရုံ

ငါးစားသုံးသည့် မိခင်နို့ကိုစို့သည့် ကလေးငယ်များသည် အမြင်အာရုံ ပိုမိုကောင်းမွန်စေသည်။ Omega-3 fatty acid ကို မိခင်နို့မှတစ်ဆင့် ရရှိစေသောကြောင့် ဖြစ်သည်။

လမစေ့ဘဲ မွေးဖွားခြင်း

ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ငါးစားသုံးပေးခြင်းဖြင့် လမစေ့ဘဲ မွေးဖွားခြင်းကို လျှော့ချပေးသည်။ ငါးကို အပတ်စဉ် တစ်ကြိမ်(သို့မဟုတ်)နှစ်ကြိမ် ပုံမှန်စားသုံးခြင်းဖြင့် ကလေးဘဝတွင် ဖြစ်ပွားတတ်သည့် ပန်းနာရင်ကျပ်ရောဂါမှ အမျိုးသားများတွင် ဖြစ်ပွားတတ်သည့် မျိုးပွားအင်္ဂါ ကင်ဆာတို့အထိ အသက်အရွယ်အလိုက် ရောဂါဖြစ်ပွားမှုနှုန်း အမျိုးမျိုးကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက တွေ့ရှိထားကြသည်။

သုံးနှစ်အရွယ်မှစ၍ ငါးများစွာစားသော ကလေးများသည် အသက် ၂၃ နှစ်ရောက်သည့်အခါ ငါးမစားသော ကလေးများထက် ရာဇဝတ်မှုမှတ်တမ်း လျော့နည်းကြောင်း တွေ့ရသည်။

စားသုံးသင့်သော ငါးများမှာ Cod(ငါးကြီးဆီထုတ်သောငါး)ကဲ့သို့သော အဖြူရောင်ငါးများသည် ပရိုတင်းဓာတ်နှင့် သတ္တုဓာတ်ကြွယ်ဝသည်။ ငါးသေတ္တာ၊ ဆော်လမွန်ငါးနှင့် ငါးကွမ်းရှပ်တို့ကဲ့သို့ အဆီများသော ငါးများသည် Omega-3 fatty acid ကြွယ်ဝစွာပါဝင်သည်။

ကဏန်း၊ ပုစွန်နှင့် ယောက်သွားကဲ့သို့ အခွံမာငါးများသည် ကင်ဆာကာကွယ်သော ဆီလီယမ်ဓာတ် ပစ္စည်း ပါဝင်သည်။ ဆော်လမွန်ငါး စားသုံးခြင်းအားဖြင့် အရေပြားပျက်စီးခြင်းနှင့် ပါးရေတွန့်ခြင်းမှ ကာကွယ်နိုင်ကြောင်း သိရသည်။ ထို့ပြင် နေ့စဉ် ငါးကြီးဆီတစ်လုံးသောက်ခြင်းဖြင့် နှလုံးရောဂါဝေဒနာရှင် ၁၀၀၀၀ ၏ အသက်ကို နှစ်စဉ် ကယ်တင်နိုင်ကြောင်း သိရသည်။

ထိုကဲ့သို့ အကျိုးကျေးဇူးများပြားလှပြီး ရောဂါအများအပြားကို ကာကွယ်ပေးနိုင်သဖြင့် ငါးကို အပတ်စဉ် တစ်ကြိမ်(သို့မဟုတ်) နှစ်ကြိမ် စားသုံးသင့်ပါကြောင်း လေ့လာအကြံပြု ရေးသားလိုက်ရပါသည်။

ကျောက်ငါးများသေဆုံးမှုကိစ္စနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ လန်ပိကျွန်းအနီး အဏ္ဏဝါအမျိုးသားဥယျာဉ်ပတ်ဝန်းကျင်နှင့် ညောင်ဝိကျွန်းအနီးတစ်ဝိုက်တွင်(၃.၁၁.၂၀၂၀)ရက်နေ့၌ ကျောက်ငါးများ ရေပေါ်မျောနေခြင်းနှင့်ပတ်သက်၍ (၂၂.၁၁.၂၀၂၀)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ အဏုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများဌာနစိတ်သို့ ကျောက်ငါးနမူနာနှင့် ရေနမူနာများကို ပေးပို့စစ်ဆေးခဲ့ရာ ဓာတ်ခွဲစမ်းသပ်ရလဒ်များအရ ကျောက်ငါးများတွင် Arsenic (အာဆင်းနစ်)၊ ခဲဓာတ် (Lead)၊ ကက်တမီယမ်(Cadmium)နှင့် မာကျူရီဓာတ်(Mecury)တို့ပါဝင်မှုမှာ ကျောက်ငါးအသားနှင့် အသည်းတွင် EU Criteria အီးယူသတ်မှတ်ချက်များအောက်ရှိခြင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်ရှိ ရေနမူနာတွင် အာဆင်းနစ်၊ ခဲနှင့် ကက်တမီယမ်ဓာတ်များသည် ASEAN Marine Water Quality Criteria အာဆီယံပင်လယ်ရေ၏ ရေအရည်အသွေးသတ်မှတ်ချက်အောက်တွင်ရှိပြီး မာကျူရီဓာတ်သည် ကျော်လွန်နေသည်ကိုလည်းကောင်း တွေ့ရှိခဲ့ရပါသည်။

ကျောက်ငါးသေဆုံးမှုနှင့်ဆက်စပ်၍ ကော့သောင်းမြို့အနီး ရေပြင်တွင် (၂၂-၁၁-၂၀၂၀) ရက်နေ့က ပန်းနုရောင်အကွက်များ မျောပါနေခြင်းနှင့် မီးစုန်းများတွေ့ရှိရမှုနှင့်စပ်လျဉ်းပြီး ရေအာဟာရဓာတ်လွန်ကဲမှုကြောင့် ရေညှိ(Algae)များ အဆမတန်ပွားများပြီး Bioflurorecent algae(စိမ်းပြာရောင်) သို့မဟုတ် Dinoflagellates (Noctiluca Red Tide) (အနီရောင်)များကြောင့် ကျောက်ငါးများကို ထိခိုက်သေဆုံးခြင်းဖြစ်နိုင်ပြီး ၎င်းတို့ဖြစ်ပွားမှုမှာ ပင်လယ်ရေတွင် လုံလောက်သော နေရောင်ခြည်၊ အစာ၊ နိုက်ထရိုဂျင်နှင့် ဖော့စဖောရပ်များကြောင့် အခြေအနေပေးသည့် သဘောရှိပါကြောင်း၊ အဆိုပါ ဖြစ်စဉ်များမတိုင်မီ ကော့သောင်းဒေသတွင် မိုးဆက်တိုက်ရွာသွန်းခဲ့မှုကြောင့် ဖော့စဖောရပ်(P)၊ ဖဲရပ်စ်(Fe)နှင့် ဗိုက်တာမင် ဘီ ၁၂ (vitamin B 12) တို့သည် ပင်လယ်ရေပြင်အတွင်းသို့ ရောက်ရှိပြီး Phytoplankton များ အမြောက်အမြားပွားများစေ၍ အဆိုပါ Red type plankton ကြောင့် Brevetoxin အဆိပ်သင့်စေပြီး ထိတွေ့မိသော ငါးမှာ နှလုံးထိခိုက်မှုကြောင့် သေစေနိုင်ပါကြောင်းနှင့် အဆိုပါ red tide plankton များမှာ နေ့ဘက်အချိန်တွင် ရေပြင်ပေါ်၌ရှိပြီး ညဘက်အချိန်တွင် ပင်လယ်ပြင်အောက်ခြေအထိ ရောက်ရှိပါသဖြင့် ပင်လယ်အောက်ခြေတွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်စေပြီး ပင်လယ်အောက်ခြေ၌နေထိုင်သော ကျောက်ငါးများသေဆုံးမှုနှင့် ဆက်စပ်နိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျောက်ဖြူ ပုစွန်သားဖောက်စခန်းမှ ရေငန်ပုစွန်သားပေါက်များ ဖြန့်ဖြူးရောင်းချ

ကျောက်ဖြူ ဇန်နဝါရီ ၉

ငါးလုပ်ငန်းဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်)နှင့် ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကျောက်ဖြူခရိုင် ကျောက်ဖြူပုစွန်သားဖောက်စခန်းမှ ရေငန်ပုစွန်သားပေါက်များကို ပေါက်တောမြို့နယ်၊ မင်းပြားမြို့နယ်နှင့် အမ်းမြို့နယ်များရှိ ပုစွန်မွေးမြူရေးကန်များအရောက် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ဇန်နဝါရီ ၇ ရက်တွင် ဖြန့်ဖြူးရောင်းချသည့် ပုစွန်သားပေါက်ကောင်ရေမှာ ၁၅ သိန်း ဖြစ်ပြီး ယနေ့တွင် ပုစွန်သားပေါက် ကောင်ရေ ၁၀ သိန်း ထပ်မံရောင်းချပါက စုစုပေါင်း ၂၅ သိန်း ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်ပြီး ပုစွန်သားဖောက်ရာသီအနေဖြင့် သုံးလခန့် ကျန်သေးသည့်အတွက် မျိုးပုစွန်အမများရရှိပါက နောက်ထပ် တတိယအကြိမ်၊ စတုတ္ထအကြိမ်ထိ ထပ်မံသားဖောက်၍ ရနိုင်ကြောင်း စခန်းတာဝန်ခံဦးရွှေကျော်အောင်ထံမှ သိရသည်။

သတင်းစဉ်

သမဝါယမကဏ္ဍမှ ရေထွက်ကုန်ပစ္စည်းများ ကူညီရောင်းချပေးလျက်ရှိ

မန္တလေး ဇန်နဝါရီ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ဖြစ်ပွားစဉ် ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခက်အခဲမရှိစေရန် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်သမဝါယမအသင်းစုများဖြင့် ချိတ်ဆက်ကာ ယမန်နေ့နံနက်ပိုင်းက စတင်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရေထွက်ကုန်ပစ္စည်းများ ရောင်းချရာတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနသည် တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်သမဝါယမဦးစီးဌာနများ၊ မြို့နယ်သမဝါယမအသင်းစုများ ချိတ်ဆက်၍ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များရှိ စားသုံးသူ အသင်းသား ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရေးအတွက် ငါးမြစ်ချင်း(ဗိုက်ခွဲ) ပိဿာ ၂၀၀၊ ငွေရောင်(ဗိုက်လုံး) ပိဿာ ၁၅၀၊ ငါးတန်သေး(ဗိုက်လုံး) ပိဿာ ၁၅၀ စုစုပေါင်း ပိဿာချိန် ၅၀၀ အား ချိုသာသော ဈေးနှုန်းဖြင့် No Profit, No Loss ဟူသော သမဝါယမမူအတိုင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အခုဆိုရင် ၂၀၂၀ အလွန် ရှေ့ဆက်သွားမယ့်လမ်းကြောင်း အထင်အရှား၊ အဆင်သင့်ရှိနေပြီဖြစ်တဲ့အချိန်မှာ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေအပြင် NCA လက်မှတ် မထိုးရသေးတဲ့အဖွဲ့တွေ ပူးပေါင်းပါဝင်လာဖို့အတွက် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ကျွန်မတို့ ချဉ်းကပ်မှုအသစ်တွေနဲ့ ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်သွားမှာပါ။ ၂၀၂၀အလွန်ငြိမ်းချမ်းရေးမှာ လုပ်ငန်းစဉ်ပိုင်းလို့ဆိုလိုက်တာနဲ့ တရားဝင်အစည်းအဝေးတွေရှိသလို၊ အလွတ်သဘောဆွေးနွေးမှုတွေ အရေးပါတာကိုလည်း ကျွန်မတို့ လက်တွေ့ကြုံခဲ့ပြီး ဖြစ်ပါတယ်။ အလားတူပါပဲ၊ အများပြည်သူပါ ပါဝင်ပတ်သက်ခွင့်ရှိရမယ့် လူထုအခန်းကဏ္ဍကိုလည်း အလေးထားပါတယ်။ ဒါဟာ ပါဝင်ရမယ့်သူတွေအားလုံး အကျုံးဝင်ပါဝင်နိုင်အောင် လမ်းဖွင့်ပေးနိုင်ခြင်းနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်ရာမှာလည်း မူဘောင်လမ်းညွှန်မှု၊ လိုအပ်တဲ့စုဖွဲ့မှု၊ စနစ်နဲ့ယန္တရား တည်ဆောက်မှုစတဲ့ ဒီဇိုင်းပိုင်းကိုလည်း ကျွန်မတို့ အာရုံစိုက်ရပါတယ်။

(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၁-၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူးနေ့ အခါသမယတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဇန်နဝါရီ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၆၆ ဦး တွေ့ရှိ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၈-၁-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီမှ (၉-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၈၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၆၆) ဦး** တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၉-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)	(၁,၄၅၇) ခု	(၆၅) ဦး
ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)	(၈၀၅) ခု	(၃၂) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)	(၅၅၂) ခု	(၄၇) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)	(၂၄၇) ခု	(၄) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး)	(၄၃၀) ခု	(၈) ဦး
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)	(၁၇၆) ခု	(၃၈) ဦး
ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၃၆၉) ခု	(၈) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၂၁၆) ခု	(၆) ဦး
စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၄၂) ခု	-
ပြင်ဦးလွင်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀)	(၂) ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၅၇) ခု	(၄) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၇၁၈) ခု	(၁၀၀) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၁၄,၇၃၅) ခု	(၂၅၄) ဦး
စုစုပေါင်း	(၁၉,၈၀၆) ခု	(၅၆၆) ဦး

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

	၃၁-၁၂-၂၀	၁-၁-၂၁	၂-၁-၂၁	၃-၁-၂၁	၄-၁-၂၁	၅-၁-၂၁	၆-၁-၂၁	၇-၁-၂၁	၈-၁-၂၁	၉-၁-၂၁
ပိုးတွေ့ရှိမှု ရာခိုင်နှုန်း	၃.၇	၂.၆	၃.၆	၄.၁	၃.၅	၃.၃	၃.၅	၃.၁	၃.၅	၂.၉

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၃၁-၁၂-၂၀၂၀)ရက်နေ့မှ (၉-၁-၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၇၃၅)ခုမှ အများဆုံး(၂၄,၀၀၇)ခု အထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၈,၆၃၄) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၉-၁-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီ

	အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း)	ယခုအထိ စုစုပေါင်း
စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	(၁၉,၈၀၆) ဦး	(၁,၉၈၀,၅၉၁) ဦး
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	(၅၆၆) ဦး	(၁၃၀,၀၄၉) ဦး
ဆေးရုံဆင်းခွင့်ရရှိသူ	(၆၇၄) ဦး	(၁၁၃,၅၅၀) ဦး
သေဆုံးလူနာ	(၁၄) ဦး	(၂,၈၂၆) ဦး

- ယနေ့ သေဆုံးသူ (၁၄) ဦးမှာ ရောဂါအခံရှိသူများ ဖြစ်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၆၇၄) ဦးတွင် -
  - ဆေးရုံများ - (၄၇၇) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၁၉၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၅၄၀) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

❂ ကျောဖုံးမှ

ကိုဗစ်-၁၉ ကပ်ရောဂါကာလဖြစ်သည့်အတွက် ယခင်ကာလများကဲ့သို့ လူစုလူဝေး၊ အစုအဖွဲ့နှင့် လှူဒါန်းမှုများကို အတတ်နိုင်ဆုံးလျှော့ချခဲ့ရကြောင်း၊ ထို့အတွက်ကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း လှူဒါန်းမှုတွင် တစ်ဦးချင်းလှူဒါန်းမှုများပြားလာပြီး အွန်လိုင်းဘိုကင်စနစ်အသုံးပြုမှုလည်း များပြားလာကြောင်း အမျိုးသားသွေးဌာန(ရန်ကုန်)မှ သိရသည်။

"စုဝေးလှူဒါန်းမှုတွေ မထောက်ပံ့တော့ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ဦးဆောင်စည်းရုံးပေးသူတွေဟာ အခုလိုအချိန်မှာတောင် ဦးဆောင်ပေးကြပါတယ်။ သူတို့ရဲ့ဘေးအန္တရာယ်ကို ကာကွယ်ပေးချင်တဲ့အတွက် လှူဒါန်းမှုတွေကို ရပ်ဆိုင်းဖို့ညှိနှိုင်းခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် တချို့ဦးဆောင်သူတွေဟာ ပိုမိုအားစိုက်ပြီး စုဝေးမှုကို ခွဲဝေ၊ မျှဝေ ထောက်ပံ့နိုင်အောင် တာဝန်ပိုယူပေးကြတာတွေ တွေ့ရတော့ အထူးပဲဝမ်းမြောက်လေးစားမိပါတယ်"ဟု ဒေါက်တာသီတာအောင်က ပြောသည်။

၂၀၂၀ ပြည့်နှစ်အတွင်း အခက်အခဲများကြားမှ သွေးလာရောက်လှူဒါန်းရာတွင် အများဆုံးမှာ လူငယ်လူရွယ်များ၊ မွေးနေ့အထိမ်းအမှတ်အလှူရှင်များ၊ မိဘများ၏စည်းရုံးတိုက်တွန်းမှုကြောင့် ပထမဆုံးအကြိမ် သွေးလှူဒါန်းသူများစသည့် အလှူရှင်အများအပြား ပါဝင်လာကြောင်း သိရသည်။

"အသက် ၅၀ ကျော် သွေးလှူရှင်ကြီးများကို လှူဒါန်းမှုတားမြစ်နေရတဲ့အချိန်မှာ မျိုးဆက်သစ်လူငယ်လေးတွေဟာ သူတို့ရဲ့အကျီလက်မောင်းကို ဆွဲတင်ပြီး သွေးလှူပေးဖို့ ရှေ့တန်းကိုထွက်လာတာ တွေ့ရတော့ လွန်စွာအားတက်မိပါတယ်။ တကယ့်ကိုပဲ အံ့ဩခဲ့ရပါတယ်"ဟု ဒေါက်တာသီတာအောင်က ဝမ်းသာပီတိစကားဆိုသည်။

လှူဒါန်းလိုသည့် သွေးလှူရှင်များအနေဖြင့် နေ့စဉ် နံနက် ၈ နာရီမှ ည ၇ နာရီအထိ အမျိုးသားသွေးဌာန(ရန်ကုန်)သို့ လာရောက်လှူဒါန်းနိုင်ပြီး https://www.donateblood myanmar.org/booking ဝက်ဘ်ဆိုက်တွင်လည်း အွန်လိုင်းဘိုကင်စနစ်ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

အမျိုးသားသွေးဌာန(ရန်ကုန်)အနေဖြင့် အလှူရှင်များလှူဒါန်းသည့် သွေးများကို လိုအပ်သည့်နေရာများ၌ ကောင်းမွန်စွာအသုံးပြုနိုင်ရန် ဆေးရုံပေါင်း ၁၆ ရုံသို့ ပြန်လည်ဖြန့်ဝေပေးလျက်ရှိသည်။

သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-NBC

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၁-၂၀၂၁) ရက်နေ့ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၈-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၂၉,၄၈၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	မြို့နယ်	(၂၃-၃-၂၀) မှ (၈-၁-၂၁) အထိ	(၂၆-၁၂-၂၀) ရက်နေ့မှ (၈-၁-၂၀၂၁) ရက်နေ့အထိ													
			၂၆-၁၂-၂၀	၂၇-၁၂-၂၀	၂၈-၁၂-၂၀	၂၉-၁၂-၂၀	၃၀-၁၂-၂၀	၃၁-၁၂-၂၀	၁-၁-၂၁	၂-၁-၂၁	၃-၁-၂၁	၄-၁-၂၁	၅-၁-၂၁	၆-၁-၂၁	၇-၁-၂၁	၈-၁-၂၁
၁။	ရန်ကုန်တိုင်းဒေသကြီး															
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
	စုစုပေါင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	မန္တလေးတိုင်းဒေသကြီး															
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
	စုစုပေါင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	ပဲခူးတိုင်းဒေသကြီး															
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
	စုစုပေါင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	ဧရာဝတီတိုင်းဒေသကြီး															
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
	စုစုပေါင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	ရှမ်းပြည်နယ်															
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
	စုစုပေါင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	မကွေးတိုင်းဒေသကြီး															
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

စာမျက်နှာ ၁၈ သို့ ❖

ကိုဗစ်-၁၉ ထုတ်ပြန်ချက်

❖ စာမျက်နှာ ၁၇ မှ

၁၅၄	ချောက်	၁၂၂	၅	၃	၂	၀	၀	၀	၀	၂	၁	၁၀	၂	၁	၀	၀
၁၅၅	မြိုင်	၈၀	၅	၀	၃	၂	၀	၂	၀	၃	၀	၀	၃	၀	၀	၀
၁၅၆	ဂန့်ဂေါ	၆၉	၃	၀	၁	၀	၀	၀	၀	၃	၀	၀	၀	၀	၁	၀
၁၅၇	သရက်	၆၇	၂	၀	၀	၁	၀	၀	၀	၂	၀	၀	၀	၁	၀	၀
၁၅၈	မင်းဘူး	၃၈	၇	၀	၁	၀	၁	၀	၁	၀	၀	၀	၀	၀	၀	၀
၁၅၉	ရေစကြို	၃၂	၀	၁	၀	၀	၁	၀	၀	၂	၀	၀	၀	၀	၀	၀
၁၆၀	မင်းလှ	၃၀	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၆၁	စလင်	၃၀	၁	၀	၁	၀	၁	၀	၀	၁	၀	၀	၀	၀	၀	၀
၁၆၂	ကံမ	၃၉	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၁	၀	၀	၀
၁၆၃	ငဖဲ	၁၄	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၆၄	ဆော	၁၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၆၅	စေတုတ္တရာ	၈	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၆၆	ဆိပ်ဖြူ	၆	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၆၇	မြို့သစ်	၆	၀	၀	၀	၀	၀	၀	၀	၀	၀	၁	၁	၀	၀	၀
	စုစုပေါင်း	၂,၉၉၄	၇၅	၁၅	၃၄	၂၀	၂၆	၆	၂	၅၆	၂၀	၄၀	၄၇	၁၉	၁၇	၁၆
၇။	မွန်ပြည်နယ်															
၁၆၈	မော်လမြိုင်	၁,၁၈၅	၂၆	၄	၁၀	၁၀	၁၄	၁၅	၁၇	၁၀	၄၂	၂၀	၂၈	၂၉	၂၉	၄၂
၁၆၉	ကျိုက်မရော	၆၂	၀	၀	၂	၀	၀	၀	၀	၁	၀	၀	၁	၀	၀	၃
၁၇၀	ပေါင်	၁၂၈	၄	၀	၀	၃	၅	၀	၄	၀	၃	၀	၄	၀	၀	၂
၁၇၁	မုဒုံ	၆၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၁	၁	၁
၁၇၂	ချောင်းဆုံ	၄၅	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၇၃	သထုံ	၄၄၄	၃	၁	၃	၄	၂	၂	၀	၁	၂	၀	၂	၁	၁	၀
၁၇၄	ကျိုက်ထို	၃၀၀	၃	၂	၀	၂	၂	၀	၀	၀	၂	၀	၁	၀	၀	၀
၁၇၅	ဘီးလင်း	၁၆၃	၁	၀	၀	၀	၀	၆	၀	၀	၀	၀	၀	၀	၀	၀
၁၇၆	ရေး	၁၀၂	၀	၀	၃	၀	၀	၀	၀	၀	၀	၀	၁	၀	၂	၀
၁၇၇	ဘီလူးကျွန်း	၆၃	၀	၀	၁	၁	၁	၀	၀	၀	၀	၁	၀	၀	၁	၀
	စုစုပေါင်း	၂,၅၉၀	၃၈	၈	၁၈	၂၀	၂၂	၂၈	၂၀	၁၂	၅၉	၂၂	၃၈	၂၆	၃၆	၅၉
၈။	စစ်ကိုင်းတိုင်းဒေသကြီး															
၁၇၈	ကလေး	၅၀၂	၃	၀	၁	၇	၁	၆	၀	၃	၂	၁	၄	၀	၀	၅
၁၇၉	မော်လိုက်	၆၄	၁	၀	၀	၁၀	၀	၀	၁၀	၄	၀	၀	၃	၀	၀	၆
၁၈၀	ရွှေဘို	၂၈၄	၀	၀	၀	၂	၁	၀	၀	၁	၁	၀	၈	၁	၂	၅
၁၈၁	အင်းတော်	၃၇	၂	၀	၃	၀	၀	၅	၀	၀	၀	၁၀	၁	၂	၀	၃
၁၈၂	မုံရွာ	၁၄၅၀	၂	၂	၁၀	၂	၄	၂	၄	၅	၁	၅	၀	၃	၀	၂
၁၈၃	ကန့်ဘလူ	၄၄	၂	၀	၆	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၂
၁၈၄	စစ်ကိုင်း	၄၄၄	၀	၃၁	၁	၉	၂	၁၈	၀	၁	၁	၉	၂	၂	၁၀	၁
၁၈၅	တမူး	၈၅	၀	၂	၀	၀	၀	၀	၀	၀	၀	၀	၂	၀	၄	၀
၁၈၆	တန့်ဆည်	၄၈	၁	၀	၀	၀	၁	၅	၁	၀	၁	၀	၀	၀	၀	၁
၁၈၇	ချောင်းဦး	၃၄	၀	၀	၀	၀	၀	၀	၀	၀	၀	၂	၀	၃	၀	၀
၁၈၈	ဟုမ္မလင်း	၃၀	၀	၀	၀	၀	၅	၀	၀	၀	၃	၀	၀	၀	၀	၁
၁၈၉	ကောလင်း	၂၆	၀	၁	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၁
၁၉၀	ကွမ်းလှ	၂၀	၀	၀	၀	၀	၁	၀	၀	၂	၀	၀	၀	၀	၀	၁
၁၉၁	ဒိုးလီ	၈	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၁	၀
၁၉၂	ယင်းမာပင်	၈၅	၀	၀	၀	၀	၂	၈	၀	၀	၀	၀	၀	၀	၂	၀
၁၉၃	ဒီပဲယင်း	၃၆	၀	၀	၁	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀
၁၉၄	ပုလဲ	၃၄	၀	၀	၀	၀	၀	၁	၀	၀	၀	၁	၀	၀	၀	၀
၁၉၅	ရေဦး	၃၀	၀	၀	၀	၀	၀	၂	၀	၀	၀	၀	၀	၀	၀	၀
၁၉၆	မင်းကင်း	၃၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၉၇	ဝက်လက်	၃၀	၁	၁	၁	၁	၀	၀	၀	၁	၀	၀	၀	၀	၀	၀
၁၉၈	မြင်းမူ	၂၅	၀	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၉၉	ကနီ	၂၄	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၀၀	ဘုတလင်	၂၆	၀	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀
၂၀၁	ပြင်ဦး	၂၈	၀	၀	၀	၀	၀	၅	၁	၀	၁	၀	၁	၀	၀	၀
၂၀၂	ကသာ	၂၅	၀	၀	၀	၀	၀	၀	၀	၃	၀	၀	၀	၀	၀	၀
၂၀၃	အရာတော်	၁၄	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၀၄	ခင်ဦး	၁၅	၀	၀	၀	၀	၂	၀	၀	၀	၀	၀	၀	၀	၀	၀
၂၀၅	ဗန်းမောက်	၉	၀	၀	၀	၀	၀	၁	၀	၇	၀	၀	၀	၀	၀	၀
၂၀၆	ထီးချိုင့်	၅	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၀၇	နန်းယွန်း	၄	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၀၈	ဆီးချိုင်း	၄	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၀၉	မင်းမူ	၃	၀	၀	၀	၀	၀	၀		၂	၀	၀	၀	၀	၀	၀
၂၁၀	လေရှီး	၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၁၁	ဖောင်ပြင်	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၁၂	ခမ်းတီး	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၁၃	ပင်လည်ဘူး	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၁	၀	၀	၀	၀
	စုစုပေါင်း	၂,၀၈၃	၁၇	၃၉	၂၆	၃၄	၂၀	၅၆	၂၀	၃၀	၁၄	၃၀	၂၂	၁၁	၂၀	၃၅
၉။	ကရင်ပြည်နယ်															
၂၁၄	ဘားအံ	၅၂၀	၀	၁	၃	၀	၁၄	၀	၆	၀	၁	၂	၃၂	၁	၁	၃၀
၂၁၅	မြဝတီ	၁,၆၆၇	၆	၁၄	၄	၀	၀	၀	၀	၀	၃၂	၂	၁	၀	၁၂	၃
၂၁၆	လှိုင်းဘွဲ့	၄၄	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၂	၃
၂၁၇	ကြာအင်းဆိပ်ကြီး	၇၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၁၈	ကော့ကရိတ်	၂၁၆	၀	၀	၀	၀	၃	၀	၀	၀	၀	၀	၀	၀	၀	၀
၂၁၉	သံတောင်ကြီး	၁၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၂၀	ဖာပွန်	၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
	စုစုပေါင်း	[illegible]	၆	၁၄	၁၀	၀	၁၈	၀	၉	၀	၁၄	၄	၃၃	၀	၁၅	၃၇
၁၀။	နေပြည်တော်															
၂၂၁	တပ်ကုန်း	၄၈	၁	၀	၀	၀	၀	၁	၁	၀	၀	၀	၆	၀	၀	၅
၂၂၂	ဇမ္ဗူသီရိ	၁၂၆	၅	၃	၀	၀	၃	၂	၀	၀	၁	၂	၁	၁	၁	၁
၂၂၃	ဒက္ခိဏသီရိ	၆၂၈	၂၈	၁၄	၁	၄၀	၃၀	၃၇	၃၀	၁၃	၂၇	၀	၂၆	၁	၈	၀
၂၂၄	ပုဗ္ဗသီရိ	၁၁၂	၁	၀	၀	၃	၁	၀	၀	၀	၀	၀	၁	၁	၀	၀
၂၂၅	လယ်ဝေး	၆၆	၀	၁	၁	၁	၀	၀	၀	၁	၁	၀	၀	၀	၁	၀
၂၂၆	ပျဉ်းမနား	၃၈	၀	၁	၀	၂	၀	၀	၀	၀	၀	၁	၁	၀	၀	၀
၂၂၇	ဥတ္တရသီရိ	၄၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၂၈	ဇေယျာသီရိ	၃၅	၁	၀	၀	၁	၀	၁	၀	၀	၀	၀	၀	၀	၀	၀
	*	၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
	စုစုပေါင်း	၁,၀၈၆	၃၆	၁၉	၂	၄၇	၃၄	၄၀	၃၀	၁၄	၂၈	၃	၃၅	၃	၁၀	၆
၁၁။	ကချင်ပြည်နယ်															
၂၂၉	ဗန်းမော်	၅၂၀	၀	၃	၃	၂	၁၀	၂	၀	၀	၀	၅	၀	၆	၅	၀
၂၃၀	မြစ်ကြီးနား	၈၈	၃	၁	၀	၀	၂	၅	၅	၁	၀	၁၀	၃	၀	၀	၁
၂၃၁	မိုးညှင်း	၅၄	၀	၂	၀	၃	၀	၀	၀	၀	၂	၀	၀	၀	၀	၀
၂၃၂	ဝိုင်းမော်	၁၃	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၃၃	ဖားကန့်	၁၆	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၂	၀
၂၃၄	မိုးကောင်း	၂၀	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၃၅	ရွှေကူ	၁၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၃၆	မိုးမောက်	၈	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၃၇	တနိုင်း	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၃၈	ဆွမ်ပရာဘွမ်	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၃၉	ပူတာအို	၂	၀	၀	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၀
	စုစုပေါင်း	၆၃၈	၅	၇	၃	၆	၁၂	၆	၅	၃	၁၀	၁၆	၄	၆	၇	၂
၁၂။	ချင်းပြည်နယ်															
၂၄၀	ဟားခါး	၁၀၀	၀	၀	၁၀	၂	၀	၀	၁၄	၀	၅	၄	၂	၇	၀	၈
၂၄၁	မင်းတပ်	၅၃	၀	၀	၀	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀
၂၄၂	မတူပီ	၂၆	၁	၀	၀	၀	၀	၀	၀	၅	၀	၀	၀	၀	၀	၀
၂၄၃	ပလက်ဝ	၂၅	၀	၀	၀	၀	၀	၀	၀	၁	၁	၀	၀	၀	၀	၀
၂၄၄	ထန်တလန်	၂၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၄၅	ဖလမ်း	၂၂	၀	၀	၀	၀	၀	၃	၀	၀	၀	၀	၀	၁	၀	၀
၂၄၆	တီးတိန်	၁၄	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၄၇	ကန်ပက်လက်	၆	၃	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၁	၀	၀
၂၄၈	ကန်ပတ်လက်	၄	၀	၀	၀	၀	၀	၀	၀	၂	၀	၀	၀	၀	၀	၀
	စုစုပေါင်း	၂၆၆	၄	၀	၁၀	၂	၀	၃	၁၄	၈	၇	၄	၂	၈	၀	၈
၁၃။	တနင်္သာရီတိုင်းဒေသကြီး															
၂၄၉	ထားဝယ်	၁၁၀	၀	၁	၀	၆	၀	၀	၀	၀	၀	၀	၀	၀	၀	၁
၂၅၀	မြိတ်	၃၇၂	၁	၁	၀	၁	၁	၁၇	၀	၀	၅	၀	၃	၀	၃	၀
၂၅၁	ကော့သောင်း	၅၅	၀	၀	၁	၄	၀	၀	၀	၀	၀	၀	၀	၀	၁	၀
၂၅၂	ပုလော	၅၃	၀	၀	၀	၂	၀	၁	၀	၀	၃	၀	၀	၀	၀	၀
၂၅၃	ရေဖြူ	၂၇	၀	၁	၀	၂	၀	၂	၀	၀	၀	၀	၀	၀	၀	၀
၂၅၄	တနင်္သာရီ	၂၉	၁	၀	၀	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀
၂၅၅	သရက်ချောင်း	၁၅	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၅၆	လောင်လုံ	၁၄	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀
၂၅၇	ဘုတ်ပြင်း	၁၂	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀
၂၅၈	ကျွန်းစု	၁	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀
	စုစုပေါင်း	၇၉၇	၁	၃	၁	၁၆	၁	၂၄	၀	၀	၉	၀	၃	၀	၄	၁
၁၄။	ရှမ်းပြည်နယ် (တောင်ပိုင်း)															
၂၅၉	ညောင်ရွှေ	၃၀	၀	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၁	၅
၂၆၀	ရွာငံ	၅၀	၀	၀	၀	၀	၁	၁	၁	၀	၀	၀	၁	၁	၀	၂
၂၆၁	ပင်လောင်း	၂၀	၁	၀	၀	၀	၃	၀	၀	၀	၀	၁	၀	၀	၀	၁
၂၆၂	ရပ်စောက်	၁၂	၀	၀	၀	၀	၀	၀	၀	၀	၀	၁	၂	၀	၀	၁
၂၆၃	တောင်ကြီး	၂၀၄	၂	၀	၀	၀	၂	၄၀	၂	၅	၀	၃	၈	၁၀	၀	၀
၂၆၄	ကလော	၉၈	၀	၁	၀	၀	၃	၁	၀	၀	၀	၀	၀	၂	၀	၀
၂၆၅	လွိုင်လင်	၁၈	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၆၆	ဆီဆိုင်	၁၆	၀	၂	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀	၀
၂၆၇	ပင်းတယ	၁၄	၀	၀	၀	၀	၀	၁	၀	၀	၀	၁	၀	၀	၀	၀
၂၆၈	နမ့်စန်	၈	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၆၉	ဟိုပုံး	၉	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၁	၀	၀
၂၇၀	ဖယ်ခုံ	၇	၀	၀	၀	၀	၁	၀	၁	၁	၀	၀	၀	၀	၀	၀
၂၇၁	မိုးနဲ	၄	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၇၂	မိုင်းကိုင်	၃	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၇၃	လင်းခေး	၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၇၄	ကျေးသီး	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၇၅	မိုင်းပန်	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၇၆	မောက်မယ်	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
	စုစုပေါင်း	၅၀၇	၃	၄	၀	၁	၁၂	၄၄	၅	၅	၁	၆	၁၂	၁၄	၂	၈
၁၅။	ရှမ်းပြည်နယ် (မြောက်ပိုင်း)															
၂၇၇	တန့်ယန်း	၄	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၂
၂၇၈	နောင်ချို	၄၄	၀	၀	၁	၀	၀	၀	၀	၀	၀	၂	၀	၂	၀	၁
၂၇၉	ဟိုပန်	၁၀	၀	၀	၀	၀	၀	၀	၀	၀	၀	၂	၀	၀	၀	၁
၂၈၀	မူဆယ်	၅၅	၁	၀	၃	၀	၀	၁	၀	၀	၀	၀	၁	၀	၀	၀
၂၈၁	လားရှိုး	၄၅	၀	၀	၀	၀	၃	၀	၀	၀	၀	၀	၀	၀	၀	၀
၂၈၂	ကျောက်မဲ	၁၇	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၁	၀	၀
၂၈၃	နမ့်ခမ်း	၁၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၈၄	ကွတ်ခိုင်	၈	၀	၅	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၈၅	နမ့်မတူ	၈	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၈၆	မိုးမိတ်	၈	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀
၂၈၇	မဘိမ်း	၆	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၈၈	နမ့်ဆန်	၇	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၁	၀	၀	၀
၂၈၉	မိုင်းရယ်	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၉၀	သိန္နီ	၁	၀	၀	၀	၀	၀	၁	၀	၀	၀	၀	၀	၀	၀	၀
၂၉၁	ပန်ဆိုင်း	၁	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
	စုစုပေါင်း	၁၅၇	၁	၅	၄	၀	၄	၄	၀	၀	၀	၄	၂	၃	၀	၄
၁၆။	ရှမ်းပြည်နယ် (အရှေ့ပိုင်း)															
၂၉၂	တာချီလိတ်	၁၀၄	၀	၀	၀	၀	၀	၀	၀	၀	၀	၁	၀	၀	၀	၀
၂၉၃	မိုင်းယောင်း	၇၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၉၄	ကျိုင်းတုံ	၆	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၉၅	မိုင်းဖြတ်	၅	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၉၆	မိုင်းတုံ	၅	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၉၇	မိုင်းပြင်း	၅	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၂၉၈	မိုင်းယန်း	၃	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
	စုစုပေါင်း	၁၃၁	၀	၀	၀	၀	၀	၀	၀	၀	၀	၁	၀	၀	၀	၀
၁၇။	ကယားပြည်နယ်															
၂၉၉	လွိုင်ကော်	၅၁	၀	၀	၁	၂	၀	၅	၀	၂	၀	၁	၀	၃	၂	၂
၃၀၀	ဒီမောဆို	၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
၃၀၁	ဖရူဆို	၂	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀	၀
	စုစုပေါင်း	၅၅	၀	၀	၁	၂	၀	၅	၀	၂	၀	၂	၀	၃	၂	၂
	စုစုပေါင်း	၁၂၉,၁၈၃	၇၃၁	၆၁၀	၆၄၈	၆၂၂	၅၈၇	၈၅၁	၄၃၃	၅၇၇	၄၀၉	၅၉၀	၆၅၇	၅၉၆	၅၉၄	၆၅၆

မှတ်ချက်။ – (၈-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားခဲ့သော မြို့နယ်စုစုပေါင်း (၃၀၁) မြို့နယ်ရှိပြီဖြစ်ပါသည်။

– အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ဓာတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

** တောင်ဥက္ကလာပမြို့နယ်မှ (၁) ဦးသည် စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ၎င်းအား အသွားအလာ ကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

*** စာရင်းဇယားအနည်းငယ်ကွာခြားမှုမှာ သက်ဆိုင်ရာမြို့နယ်၏ ဓာတ်ခွဲအတည်ပြုလူနာစာရင်းအား စိစစ်၍ နေ့ရက်အလိုက် ပြန်လည်ဖြည့်စွက်ဖော်ပြထားခြင်းဖြစ်ပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ရှေ့နေနှင့် ဥပဒေ၊ နည်းဥပဒေများ

ဦးဟန်ညွန့် (ဥပဒေ)

နိဒါန်း

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် ဥပဒေ၊ နည်းဥပဒေများပါတဲ့"

"ဘာအဓိပ္ပာယ်လဲ ဆရာ"

"ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေတဲ့ "၂၀၁၉ ခုနှစ် ဥပဒေများ၊ ၂၀၁၉ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ကြေညာချက်များ" စာအုပ် (၂) အုပ်အကြောင်း မိတ်ဆက်တင်ပြချင်တာပါ။"

" ဥပဒေလေ့လာသူများနှင့်အတူ စိတ်ဝင်စားမိပါတယ် ဆရာ"

"ကိုင်း.... ဒါဖြင့် ဖတ်ကြည့်ကြစို့"

ဥပဒေများ

၂၀၁၉ ခုနှစ်အတွင်း ပြဋ္ဌာန်းခဲ့သော ဥပဒေများမှာ-

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေ၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ လောင်းကစားဥပဒေ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေ၊ တံတားကြီးများဥပဒေ၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေ၊ မြေသိမ်းဆည်းခြင်း ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ၊ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကိုစတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ၊ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ၊ ၂၀၁၉ ခုနှစ်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ စကားရပ်ပြောင်းလဲသတ်မှတ်သည့်ဥပဒေ၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာဘွဲ့ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ၊ အခြေခံပညာရေးဥပဒေ၊ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေတို့ဖြစ်သည်။ စုစုပေါင်း ဥပဒေ(၄၀) ဖြစ်ပါသည်။

နည်းဥပဒေများ

၂၀၁၉ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သော နည်းဥပဒေများမှာ-

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများ၊ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများ၊ အခကြေးငွေပေးချေရေးနည်းဥပဒေများ၊ မြန်မာနိုင်ငံလေယာဉ်နည်းဥပဒေများ၊ မြန်မာနိုင်ငံ လေယာဉ်မတော်တဆ ထိခိုက်ပျက်စီးမှုနှင့် မတော်တဆ ဖြစ်ပွားမှုစုံစမ်းစစ်ဆေးရေးနည်းဥပဒေများ၊ အထူးကုန်စည်ခွန်နည်းဥပဒေများ၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနည်းဥပဒေများ၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ၊ မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ၊ ရေခွန်နှင့်တာတမံခွန်နည်းဥပဒေများ၊ ဆည်မြောင်းနည်းဥပဒေများ၊ အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ စာချုပ်စာတမ်းများ မှတ်ပုံတင်နည်းဥပဒေများ၊ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နည်းဥပဒေများတို့ဖြစ်သည်။

> **နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် စည်းကမ်းဥပဒေများသည် ဥပဒေကို ကျော်လွန်ခြင်း၊ ဆန့်ကျင်ခြင်း၊ ကွဲလွဲခြင်းမရှိစေရ . . .**
> **ဥပဒေပြဋ္ဌာန်းရေးအတွက် ဥပဒေရေးဆွဲသည့် အချိန်တွင် နည်းဥပဒေများကို တစ်ပြိုင်နက်တည်း ရေးဆွဲသင့် . . .**

စုစုပေါင်း (၂၅)ခု ဖြစ်ပါသည်။

လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ကြေညာချက်များ

၂၀၁၉ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ(၉)ခု၊ အမိန့်များ(၄၈)ခုနှင့် ကြေညာချက်များ(၄)ခု ဖြစ်ပါသည်။ အကျယ်ကို မူရင်းစာအုပ်တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

တစ်ဆင့်ခံဥပဒေများ ထုတ်ပြန်ပိုင်ခွင့်

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၃ တွင် နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများကို လည်းကောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကိုလည်းကောင်း၊ တစ်ဆင့်ခံဥပဒေများ ထုတ်ပြန်ပိုင်ခွင့်အပ်နှင်းခဲ့သည်။

၂၀၀၈ ခုနှစ် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇၊ ပုဒ်မခွဲ(က)တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်း၊ ပြည်နယ်လွှတ်တော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုလည်းကောင်း တစ်ဆင့်ခံဥပဒေများအား ထုတ်ပြန်ခွင့်ကို အပ်နှင်းထားသည်။

